# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်း အိမ်ရာအဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်း


*စာမျက်နှာ ၃ ကော်လံ ၁ ❋*



**ယနေ့ ဇတ်စရာ**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) — ဆောင်းပါး — စာ ၆

ပြည်တွင်းစားသုံးဆီ ဖူလုံမှုသို့ ရည်ရွယ်လျှင် . . . — ဆောင်းပါး — စာ ၁၀

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၅

*✻ ရှေ့ဖုံးမှ*

ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျနေရာချထားပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ အိမ်ရာတွင် နေထိုင်သူများ ကျန်းမာရေး အထောက်အကူပြုရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန် နေရာများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အထပ်မြင့်အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**လိုအပ်ချက်များမေးမြန်း**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင် နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းသည်။

အဆိုပါ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာတွင် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ လေးထပ် ၁၀ လုံး၊ အခြားအဆင့် နေအိမ် လေးခန်းတွဲ ခြောက်ထပ် ၁၀ လုံး၊ အရာရှိငယ်နေအိမ် လေးခန်းတွဲ ခြောက်ထပ် သုံးလုံး၊ အရာရှိကြီးနေအိမ် လေးခန်းတွဲ ခြောက်ထပ် တစ်လုံးတို့ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်နှင့် အခြားအဆင့် နေအိမ်များအား ထပ်မံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအား တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘူတာရုံအတွင်း သန့်ရှင်းသာယာမှု ရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဘူတာရုံဧရိယာအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသူများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဘူတာရုံဧရိယာအတွင်း စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**○ တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လို၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင်ဖော်ဆောင်သွားကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကန်တော်ကြီးဥယျာဉ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၈)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ လာရောက်အပန်းဖြေအနားယူကြမည့်သူများအတွက် ဂီတဖျော်ဖြေပွဲများ ထည့်သွင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပန်းပွဲတော်တေးသီချင်း စီစဉ်ရိုက်ကူးထားရှိမှုအား တင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံးဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင်

*စာမျက်နှာ ၅ သို့*

- ❑ **ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများ အားလုံးဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်**
- ❑ **ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်**

*စာမျက်နှာ ၄ မှ*

ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များစိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**လေဝင်လေထွက်ကောင်းမွန်အောင်ဆောင်ရွက်**

ထို့ပြင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန်လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း လမ်းဘေးများရှိသစ်ပင်များနှင့် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ပင်များကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းတို့ ဆောင်ရွက်၍ လေဝင်လေထွက် ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြံ့ခိုင်သပ်ရပ်မှုရှိအောင်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရှုခင်းသာလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှုခင်းသာလျှောက်လမ်းပေါ်တွင် လူအများသွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများ အသုံးပြုခင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများအား စနစ်တကျသုတေသနပြုလုပ်၍ အပင်သက်တမ်း၊ အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လျှောက်လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လျှောက်လမ်းနံဘေး၌ အလှပန်းမန်များ စိုက်ပျိုးသွားရန်၊ သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်သွားရန်၊ လမ်းလျှောက်သူများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ၇ ပေ မှ ၁၂ ပေ၊ လမ်းအရှည် ၁၉၀၀ ပေရှိလူသွားလမ်းနှင့် ခြံစည်းရိုးအား ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက်လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

> **“ ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ၇ ပေ မှ ၁၂ ပေ၊ လမ်းအရှည် ၁၉၀၀ ပေရှိလူသွားလမ်းနှင့် ခြံစည်းရိုးအား ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်၊ ထိုသို့လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည် ”**

## ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁) ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် National Fitness ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ဖြစ်စေရေး၊ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးကို ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀)အပြေးပြိုင်ပွဲ၊ လွန်ဆွဲ(ကျား၊ မ)နှင့် ထုပ်ဆီးတိုး (မ) စသည့် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး စည်းမျဉ်း၊ စည်းကမ်းများကို ဝန်ကြီးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ Mass Sport ဖြစ်သည့်လူထုအားကစားလှုပ်ရှားမှု ဒီဇင်ဘာလမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပွဲများတွင် စည်းစည်းရုံးရုံး ပါဝင်ဆင်နွှဲပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)

**၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော တော်လှန်ရေးကောင်စီ၏ (၆၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လျက် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ခဲ့သည်။**

*ပါမောက္ခကိုကိုအောင်*



၁၉၉၁ ခုနှစ် မေလ ၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၉၁) ဆုံးဖြတ်ချက်အရ မေလ ၁၀ ရက်နေ့က အဆိုပါ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ရာ လက်ရှိအချိန်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူငယ်တို့၏ အားကိုးအားထားပြုရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)အဖြစ် တက္ကသိုလ်ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ၁၉၉၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့က ကျင်းပခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၁/၉၉)သို့ တင်ပြချက်အရ ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို စတင်ဖွဲ့စည်းခွင့်ပြုခဲ့သည်။

ထိုမှတစ်ဆင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး)တို့ကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)ကိုလည်း ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်သို့ သွတ်သွင်းဆောင်ရွက်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့မှ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဖွင့်လှစ်ခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပရိဝုဏ်အတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ ယခင်ကောလိပ်၏ အဆောက်အအုံများနှင့် မြေနေရာကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

**ဘွဲ့ရနှင့် ဒီပလိုမာရ**
**တိုင်းရင်းသားလူငယ်များစွာ မွေးထုတ်ပေး**

**“ ပြည်ထောင်စုဖွားတိုင်းရင်းသားလူငယ်တို့ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဦးလည်မသုန် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့နှင့်အတူ ခေတ်ပညာတတ် တိုင်းရင်းသားလူငယ်ခေါင်းဆောင်ကောင်းများစွာတို့ကို မွေးထုတ်ပေး ”**

ထိုကဲ့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့မှုကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)အဖြစ် အမည်တွင်ခဲ့သော ဒီဂရီကောလိပ်သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မန္တလေး-မုံရွာ ကားလမ်းမကြီးဘေးရှိ အုန်းတောကျေးရွာအုပ်စု၊ မိုင်တိုင်အမှတ်(၂၆/၂) မှ (၂၆/၄) အတွင်းရှိ မြေဧရိယာ ၆၁ ဒသမ ၉၃ ဧကပေါ်၌ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံတို့ဖြင့် ဘွဲ့ရနှင့် ဒီပလိုမာရ တိုင်းရင်းသားလူငယ်များစွာတို့ကို ယနေ့ထိတိုင် မွေးထုတ်ပေးလျက်ရှိသည်။

၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်သို့ ရောက်ရှိသွားခဲ့သော ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ဒီဂရီကောလိပ်(စစ်ကိုင်း)နှင့် ဒီဂရီကောလိပ်(ရန်ကုန်)တို့အနက် ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံလမ်း၌ စတင်ဖွင့်လှစ်ခဲ့ပြီးသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို ၂၀၀၅ ခုနှစ် ဇူလိုင်လ ၅ရက်နေ့မှစ၍လက်ရှိတည်နေရာဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ၆၁ ရပ်ကွက် စစ်တောင်းလမ်း အမှတ်(၃၃၈၃)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ဒီဂရီကောလိပ်(ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့များဖြစ်သည့် B.A. (Myanmar)၊ B.A. (History)၊ B.A. (Geography)၊ သိပ္ပံဘွဲ့များဖြစ်သည့် B.Sc. (Physics)၊ B.Sc. (Maths)၊ B.Sc. (Chemistry)၊ အင်ဂျင်နီယာဒီပလိုမာများဖြစ်သည့် A.G.T.I. (Civil), A.G.T.I. (Mechanical), A.G.T.I. (Electrical Power), A.G.T.I. (Electronic) နှင့် ကွန်ပျူတာကျွမ်းကျင် အသိအမှတ်ပြု လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပေးလျက်ရှိသည်။

**စနစ်တကျ စိစစ်ရွေးချယ်ပေးလျက်ရှိ**

ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဒီဂရီကောလိပ် (စစ်ကိုင်း)တို့သို့ တက်ရောက်ပညာသင်ကြားခွင့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နာယကအဖြစ် ဦးဆောင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များက နာယကအဖြစ် ဦးဆောင်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တိုင်းဒေသကြီး/ပြည်နယ် သင်တန်းသားရွေးချယ်ရေးကော်မတီတို့က စနစ်တကျ စိစစ်ရွေးချယ်ပေးလျက်ရှိသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူငယ်တို့ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဦးလည်မသုန် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တို့နှင့်အတူ ခေတ်ပညာတတ် တိုင်းရင်းသားလူငယ်ခေါင်းဆောင်ကောင်းများစွာတို့ကို မွေးထုတ်ပေးသည့် ကျောင်းတော်ကြီးအဖြစ် ထာဝရရှင်သန် ရပ်တည်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။



# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၂၅
ရက်
သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bounphieng CHANTHAVONG နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bounphieng CHANTHAVONG က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးတို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးပြီး ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက ဧည့်ခံပွဲသို့တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဧည့်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်စဉ်

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၆/၂၀၂၅)

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါ၊ စိတ်ပိုင်းနှင့် ဉာဏ်ရည်ဆိုင်ရာ စသည့်ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင် စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/ ၃) ဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၃၃) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာအား လေးစားရန်တို့ကိုရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD) ကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်က မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်) ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား မျက်မမြင်လက်စမ်းဘာသာစာအုပ် ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD) အား ဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်းသင်တန်းကျောင်းများသို့သွားရောက်၍ မသန်စွမ်းသူများ၏ အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသောဆောင်ပုဒ်ဖြစ်သည့် **“လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး- Fostering disability inclusive societies for advancing social progress”** နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ

## ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး

## ဒေါက်တာ မိုဟာမက် မွန် (န)ဝါဟူစိန်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါဟူစိန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဒြေ့ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရက်စ်နောဂေါ့စ်ခ်မြို့အခြေစိုက် မော်စကိုခရိုင်ဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ အရှေ့တောင်အာရှစီမံကိန်းများညှိနှိုင်းရေးမှူး မစ္စတာ ဆာဂေး ရုတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဝင်ငွေတိုးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် “အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး” စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများပို့ချပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်စေရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ကာ ယနေ့ချိန်ထိ ကျေးရွာပေါင်း ၃၄၄ ရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၇၂၀ ကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊

ယနေ့ ကျင်းပသည့် သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲတွင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့် ထူးချွန်သင်တန်းသားများအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်လုပ်ငန်းသုံး ပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာနှင့် မကျီးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ပေါစံခေါ ကျေးရွာနှင့် စက်ရုံကျေးရွာတို့မှ စီမံကိန်းသင်တန်းဆင်းများအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့ “လှ” ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ “လှ” ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပသည့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဓာတ်မြေဩဇာ တန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေး တန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အရ ဦးဆောင်ကော်မတီအနေဖြင့် ဧပြီလမှဒီဇင်ဘာလအထိ ကိုးလအတွက် မြေဩဇာတန်ချိန် ၁၅၂၆၄၈ ဒသမ ၀၂ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၇၄၉၀ ဒသမ ၅၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့ကြောင်း၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သေချာစိစစ်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ သွင်းကုန်လိုင်စင်များ ထုတ်ပေးခဲ့ကြောင်း၊ ဦးဆောင်ကော်မတီ၏ရည်ရွယ်ချက်အတိုင်း ဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့အတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထောက်ခံပေးထားသည့် တန်ချိန်များ၊ စက်တင်ဘာလအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးခဲ့သည့်တန်ချိန်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ယူရီးယားဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချနေမှုများအပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်ကိုင်မြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်ပြည့်စုံမှုရှိနိုင်ရေး မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ဘူတာ(ဈေးတန်း)ကျေးရွာ၊ ဆီဆုံကျေးရွာအုပ်စု ဆီဆုံကျေးရွာ၊ ဆည်ရွာကျေးရွာအုပ်စု ဆည်ရွာကျေးရွာ၊ သိန်းနီကုန်းကျေးရွာအုပ်စု ဇီးတောကျေးရွာနှင့် တရုတ်စုရပ်ကွက်များသို့ ဒီဇင်ဘာ ၂ ရက်က ရွေးကောက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာ/ရပ်ကွက်များ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာမဲဆန္ဒရှင် ပြည်သူများစာရင်းများ မှန်ကန်စွာပြုစုနိုင်ရေး တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းကောက်ယူလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နှင့် မြန်အောင်မြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ Gold Delta ဆန်စက်ရှိ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ပို့ကုန်ကဏ္ဍနှင့်သွင်းကုန်ကဏ္ဍ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေးနှင့် အမယ်သစ်ပို့ကုန်များ တင်ပို့နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များသည် နိုင်ငံဝင်ငွေရရှိရေးအတွက် အဓိကနေရာမှ ပံ့ပိုးပေးလျက်ရှိသောကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကွင်းဆက်လုပ်ငန်းစဉ်တွင် လိုအပ်သောပစ္စည်းများနှင့် သွင်းအားစုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ လစဉ်ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ဈေးကွက်လိုအပ်ချက်နှင့်အညီ ဈေးကွက်ဝင်ထုတ်ကုန်များဖြစ်စေရေး၊ ဈေးကောင်းရရှိရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း ပြည်ပသို့တိုက်ရိုက်တင်ပို့သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးထုတ်လုပ်သူများက ဒေသထွက်ကုန်သီးနှံများအား စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲထွက်ရှိမှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်အောင်မြို့ မြို့နယ်အားကစားခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် သပြေကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် များစွာအကျိုးပြုလျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးနှင့် ဈေးကွက်ဝင် ထုတ်ကုန်များဖြစ်စေရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်သီးနှံများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်ပြီး ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့တင်ပို့နိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မြန်မာ့ ဆန်၊ ဆန်ကွဲများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ဈေးကွက်၊ ဈေးနှုန်းအခြေအနေနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ အရည်အသွေးပြည့်မီကောင်းမွန်သောဆန်များ ထုတ်လုပ်တင်ပို့နိုင်မှုအခြေအနေများနှင့် တက်ရောက်လာသူများက ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✪ *ကျော်ဖုံးမှ*



Mr.UKI TETSURO



ဝင်းသီဂီထွန်း



စန်းသော်သော်



သဲဆုမွန်၊ အေးသီကျော်၊ နီဘိုဘိုကျော်(ပရိသတ်များ)

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်နိုင်ငံအသင်းနှင့် လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားနိုင်ငံအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုကဲ့သို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ဘက်နိုင်ငံအသင်းများကို အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးမည့် ဆုတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် ကြိုးပမ်းလေ့ကျင့်နေမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းမှ နည်းပြနှင့် အားကစားသမားများ၏ ရင်တွင်းစကားသံများ၊ အားကစားချစ်ပရိသတ်များ၏ ရင်ခုန်မျှော်လင့်မှု စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**Mr.UKI TETSURO**

**( အသင်းနည်းပြချုပ်–ဂျပန်)**

ကျွန်တော်တို့ အသင်းအနေနဲ့ ပြိုင်ပွဲတိုင်းမှာ နောက်ဆုံးအချိန်အထိ အားမာန်အပြည့်နဲ့ ပါဝင်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီးတော့ ခံစစ်ကောင်းကောင်းကနေ တိုက်စစ်ကို တန်ပြန်ကစားနိုင်အောင် သေချာ ပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ နည်းပြ၊ အုပ်ချုပ်သူ ၁၁ ဦး၊ ကစားသမား ၂၃ ဦးနဲ့ စုစုပေါင်း ၃၄ ဦး သွားရောက်မှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ပြင်ဆင်မှုဆိုရင် ပထမဆုံး လူရွေးချယ်ရာမှာ ကစားသမားတွေကိုခေါ်ယူပြီး မှုမှုတတယှဉ်ပြိုင်မှုကနေ တစ်ဆင့် ရွေးချယ်ခဲ့ပါတယ်။ အပြီးသတ် လူရွေးချယ်မှု မထုတ်ပြန်မီမှာလည်း နည်းပြဆရာတွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးပြီး သေချာစဉ်းစားပြီးတော့ လူရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ပြင်ဆင်ချိန်အနေနဲ့ ပြောရရင် အသင်းအနေနဲ့ ဂျပန်ကပြန်လာပြီး အာဆီယံပွဲမှာ ပြိုင်ခဲ့တယ်။ အာဆီယံပွဲပြီးတဲ့အခါ ဆက်လက်လေ့ကျင့်မှုတွေနဲ့ ဆီးဂိမ်းအတွက် အသင့်ပြင်ဆင်ခဲ့ပါတယ်။ အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ Group နှစ်ခုရှိပြီး ကျွန်တော်တို့ Group မှာ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့ ပါပါတယ်။ ပြိုင်ဘက်အသင်းတွေရဲ့ အခြေအနေကို သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ထားတယ်။ သူတို့ဘက်ကလည်း ကျွန်တော်တို့နဲ့ ယှဉ်ပြိုင်ဖို့ အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားမှာဖြစ်တဲ့အတွက် လွယ်ကူတဲ့ပြိုင်ပွဲတော့ မဟုတ်ပါဘူး။

ဒါကြောင့် ပွဲတိုင်းကို သေချာပြင်ဆင်ပြီး ယှဉ်ပြိုင်ကစားသွားမှာပါ။ မြန်မာပရိသတ်တွေဟာ အသင်းအပေါ်ကို မျှော်လင့်ချက်ထားတာကြောင့် နောက်ဆုံးမိနစ်အထိ ပွဲတိုင်းမှာ မဆုတ်မနစ်နဲ့ အစွမ်းကုန် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်။ အမြဲတမ်း မြန်မာအမျိုးသမီးအသင်းအပေါ်ကို နွေးနွေးထွေးထွေးနဲ့ အားပေးစကားတွေ ပြောကြားမှုအပေါ် အထူးကျေးဇူးတင်ပါတယ်။ အခုလို အရေးကြီးတဲ့ပြိုင်ပွဲရှိလာပြီဆိုရင် ပရိသတ်ရဲ့အားပေးမှုဟာ အသင်းအတွက် ခွန်အားများစွာရရှိစေပါတယ်။ ပွဲတိုင်းမှာ အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမယ်၊ ပရိသတ်တွေရဲ့ အားပေးမှုကိုလည်း စောင့်မျှော်နေပါတယ်။

**ဝင်းသီဂီထွန်း**

**(ရှေ့တန်းတိုက်စစ်မှူး၊**

**ကျောနံပါတ်–၇)**

ဆီးဂိမ်းပြိုင်ပွဲမှာ အသင်းအနေနဲ့ တစ်သင်းစီတိုင်းကို အာရုံစိုက်ပြီး ကျော်ဖြတ်သွားမှာပါ။ ယှဉ်ပြိုင်ရမယ့် အသင်းတွေဟာ ခြေမကျွာကြဘူး။ ဒါကြောင့် ပွဲတိုင်းကို အာရုံစိုက်ပြီး ကြိုးစားရပါမယ်။ အုပ်စုတက်ဖို့အတွက် အားသွန်ခွန်စိုက်ဟန်ချက်ညီညီ စည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဘယ်အသင်းကိုမှ လျှော့မတွက်ထားပါဘူး။

နိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးအသင်းကို တာဝန်ကျေစွာ အားပေးနေကြတဲ့ နိုင်ငံတစ်ဝန်းက ချစ်ပရိသတ်ကြီးကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲနေ့တွေမှာ ထိုင်းမှာဖြစ်စေ၊ ကိုယ့်နိုင်ငံက ရုပ်သံလိုင်းတွေကနေတစ်ဆင့် ဖြစ်စေ အားပါးတရ ခွန်အားဖြည့် အားပေးကြပါလို့ ဖိတ်ခေါ်ဂါရဝပြုပါတယ်။ ဆီးဂိမ်းကနေ ကျွန်တော်တို့တွေ နားထောင်နေမှာပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ယှဉ်ပြိုင်ပြီး ပရိသတ်တွေလိုချင်တဲ့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်အောင် ကြိုးစားပေးသွားပါ့မယ်။

**စန်းသော်သော်**

**(ရှေ့တန်းတိုက်စစ်မှူး၊**

**ကျောနံပါတ် ၈)**

ပြိုင်ပွဲအတွက် သင်တန်းနည်းပြတွေနဲ့အတူ သေသေချာချာ ပြင်ဆင်ထားပါတယ်။ အကောင်းဆုံးစွမ်းဆောင်မှုနဲ့ ယှဉ်ပြိုင်သွားမှာပါ။ မြန်မာအမျိုးသမီးအသင်းကို အားပေးကြတဲ့ ပရိသတ်အားလုံးကို ဒီကနေ ဂါရဝပြုပါတယ်။ ဘောလုံးအားကစားဆိုတာ အသင်းအဖွဲ့ပုံစံနဲ့ ယှဉ်ပြိုင်ကစားရတာဖြစ်တဲ့အတွက် အားပေးရာမှာ တစ်ဦးတစ်ယောက်တည်းကိုမဟုတ်ဘဲ အားလုံးကို မျှဝေပြီးအားပေးခြင်းဟာ အောင်မြင်မှုပန်းတိုင်ကို ပိုပြီးခိုင်မာစေပါတယ်။ အားပေးမှုဟာ အသင်းအတွက် အသက်ပါပဲ။ မြန်မာပြည်က ချစ်ပရိသတ်တွေအတွက် ရာနှုန်းပြည့် အနိုင်ရရှိအောင် အဓိကထား အာရုံစိုက်ထားပါတယ်။

**သဲဆုမွန်၊ အေးသီကျော်၊**

**နီဘိုဘိုကျော်**

**(ကြိုဆိုကြသည့် ပရိသတ်များ)**

ဆီးဂိမ်းပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ကြမယ့် အမျိုးသမီးဘောလုံးအသင်းကို အားပေးဖို့ မနက် ၄ နာရီကတည်းက လေဆိပ်ကိုရောက်နေတာပါ။ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုနဲ့ နိုင်ငံတကာနဲ့အညီ ရင်ပေါင်တန်းလုပ်ဆောင်နိုင်မှုကို လေးစားတာကြောင့်ပါ။ ပြည်တွင်းပြိုင်ပွဲမဟုတ်ဘဲ အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲဆိုတော့ ပြိုင်ပွဲဝင် တခြားနိုင်ငံတွေကို ကျော်ဖြတ်ပြီး ဆုတွေ အသီးသီးနဲ့ပြန်လာရင် အကောင်းဆုံးကြိုဆိုဖို့ ပြင်ဆင်ထားပါတယ်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းက အားကစားသမားအားလုံးကို အားပေးပါတယ်၊ အထူးသဖြင့် မေထက်လူနဲ့ ဖွန်ယုယဦးကို ပိုပြီးသဘောကျပါတယ်။ ဖြစ်နိုင်ရင် ထိုင်းနိုင်ငံအထိလိုက်ပါပြီး အားပေးချင်တာပါ။ အခုလို အသင်းလိုက်တွေ့ရတော့ စိတ်လှုပ်ရှားပြီး ပျော်ရပါတယ်။ ပြန်လာရင်လည်း အားပါးတရ ကြိုဆိုမှာပါ။ သူတို့လည်း အစွမ်းကုန်ကြိုးစားသွားကြမှာဖြစ်တဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်တွေနဲ့ ရွှေရောင်လွှမ်းပါစေလို့ ဆုတောင်းပေးပါတယ်။ ထိခိုက်ဒဏ်ရာလည်း ကင်းပါစေ။

မြန်မာအမျိုးသမီး ဘောလုံးအသင်းကို ချစ်ပါတယ်။ သူတို့ကို အပြစ်ပြောတာ မကြိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အရာမှ လွယ်လွယ်ကူကူ ရလေ့မရှိတာကို သိသင့်ပါတယ်။ ဒါကြောင့် အမှားလေးတွေရှိရင် နားလည်ခွင့်လွှတ်ပြီး ဆုတံဆိပ်တွေနဲ့ အတူတူ ပြန်လာချိန်အတွက် ကြိုတင်ပြင်ဆင်ပြီး အားပေးသွားကြဖို့လိုပါတယ်။ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲထဲမှာ နိုင်ငံကိုယ်စားပြုဆိုတာ အင်မတန်တာဝန်ကြီးတယ်ဆိုတာ သူတို့က ပိုပြီးသိပြီးသားပါ။ ကျွန်မတို့အဖွဲ့ကတော့ အားပါးတရ အားပေးကြမှာပါ။ သူတို့အတွက်လည်း ဂုဏ်ယူတယ်။ မြန်မာအမျိုးသမီးတွေ အနေနဲ့ ကြိုးစားရင် ကြိုးစားသလောက် အကျိုးရှိတယ်ဆိုတာ အမျိုးသမီးဘောလုံးအသင်းကို စံနမူနာယူလို့ ရပါတယ်။

**တွေ့ဆုံမေးမြန်း – သစ္စာ(MNA)**

**ဓာတ်ပုံ – ဇွဲမာန်**

# ပြည်တွင်းစားသုံးဆီ ဖူလုံမှုသို့ ရည်ရွယ်လျှင် . . .

ရွှေစင်

ကမ္ဘာ့ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ ကျွန်မတို့သည် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီသန့်ဆိုလျှင် နှစ်ခြိုက်စွာ စားသုံးကြသည့်အတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်း စသည်တို့ကား အဓိကအားထားရာပင်။ ထိုအထဲမှာမှ အဓိကဆီထွက်သီးနှံ သုံးမျိုးဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲပုပ်နှင့် ပန်းနှမ်းတို့ကို ရှမ်းပြည်နယ်၊ ဆီမုန်ညင်းကို စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂဒေသနှင့် ရှမ်းပြည်နယ်၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတို့တွင် အသီးသီးအားထား အဓိကစိုက်ပျိုးလျက်ရှိသည်။

ယင်းဒေသများအနက် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြေပဲ၊ နှမ်း၊ နေကြာကို အဓိကစိုက်ပျိုးရာ၊ အားထားရာဒေသများအဖြစ် အထူးဇုန်များသတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်လိုက်ခြင်းက ပြည်တွင်းစားသုံးဆီဖူလုံကာ နိုင်ငံခြားမှ တင်သွင်းမှုလျှော့ချနိုင်ပြီး နိုင်ငံခြားသို့ ငွေကြေးစီးဆင်းမှုလျော့ကျရန်လည်း ရည်ရွယ်ပါသည်။

ဖော်ပြပါအထူးဇုန်များတွင် တာဝန်ခံများ ခန့်အပ်ထားရှိပြီး သီးနှံထုတ်လုပ်မှု လုပ်ငန်းအဆင့်တိုင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် စီမံကိန်းအကောင်အထည်ဖော်သည့်အဖွဲ့များက စိုက်ပျိုးရေးသွင်းအားစုများ (မျိုးစေ့၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ၊ အလုပ်သမား၊ ငွေကြေးအရင်းအနှီး)၊ ဒေသနှင့်သင့်တော်သောစိုက်နည်းစနစ်နှင့် နည်းပညာများကို အနီးကပ်ကြီးကြပ်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။

### တန်ဖိုးကြီးနှင့် တန်ဖိုးနည်း အလှမ်းကွာလှ

ဆီနှင့်ပတ်သက်လျှင် ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိရန်က အဓိကဖြစ်သည်။ ပြည်တွင်းက လုံလောက်သည့် ဆီပမာဏထွက်ရှိမည်၊ သက်သာသည့်ဈေးနှုန်းဖြင့်လည်း ရောင်းချနိုင်မည်ဆိုလျှင် ပြည်ပမှဆီတင်သွင်းမှု အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံခြားစီးဆင်းငွေလည်း လျော့ကျသွားနိုင်မည်ဖြစ်သည်။ သို့သော် ဆီထွက်သီးနှံစိုက်ပျိုးကြသည့် တောင်သူအချို့ကိုယ်တိုင်ပင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို လုံလုံလောက်လောက် စားသုံးနိုင်ခြင်း မရှိသည်မှာ ဝမ်းနည်းစရာဖြစ်သည်။ အကြောင်းက ထွက်ရှိသော ဆီထွက်သီးနှံများကို တောင်သူက ကုန်သည်ဝယ်လက်ထံ ဈေးကောင်းကောင်းဖြင့် ရောင်းချ၊ ပြည်ပမှတင်သွင်းသည့် တန်ဖိုးနည်း စားအုန်းဆီကို ဝယ်ယူစားသုံး၍ မိသားစုကုန်ကျစရိတ် (living cost) သက်သာအောင် ဖြေရှင်းနေရသောကြောင့် ဖြစ်သည်။ ဝင်ငွေအလယ်အလတ်ရှိ ပြည်သူများအနေဖြင့် စားသုံးဆီသန့်ကို ဝယ်ယူစားသုံးနိုင်သော်လည်း အခြေခံလူတန်းစားများအတွက်မူ ပြည်တွင်းထွက် မြေပဲဆီ၊ နှမ်းဆီဆိုသည်မှာ အလှမ်းဝေးလွန်းလှသည်။ ဈေးသက်သာသည့် ပြည်ပစားအုန်းဆီများအပေါ် များစွာမှီခိုနေရသည်က ရေရှည်ကျန်းမာရေးအတွက်ကော စိတ်ချရပ့ါမလား စဉ်းစားချင့်ချိန်ကြရပါမည်။

### ဈေးကွက်တွင် ယှဉ်နိုင်စွမ်းနည်း

ပြည်တွင်းထုတ်စားသုံးဆီကို ပြည်တွင်းကပင် ဝယ်ယူအားပေးမှု နည်းနေသေးသည်ကို တွေ့ရသည်။ အကြောင်းက ပြည်ပမှ စားအုန်းဆီက ပြည်တွင်းဈေးကွက်တွင် လွှမ်းမိုးနေခြင်းကြောင့်ဖြစ်သည်။ စားအုန်းဆီအပြင် ဟင်းသီးဟင်းရွက်ဆီခေါ်သည့် ဆီအမျိုးမျိုးကလည်း မြန်မာ့ဆီဈေးကွက်တွင် အကြီးအကျယ် နေရာယူထားကြသေးသည်။ တံဆိပ်အမျိုးမျိုးတပ် ပြည်ပစားသုံးဆီများက ပြည်တွင်းဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်စွာ ဝင်ရောက်နေသည်။ ပြည်တွင်းထုတ် ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများထက် ဈေးကွက်တွင် ပြည်ပမှ တင်သွင်းဆီဈေးနှုန်းက ထက်ဝက်ခန့် သက်သာသည့်အတွက် ပြည်ပစားအုန်းဆီများကို ဝယ်ယူမှုပိုများနေခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးဆီမှာ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဆီဈေးနှုန်းက ပြည်ပဆီဈေးကို မယှဉ်နိုင်ခြင်းကြောင့် လုပ်ငန်းထိခိုက်မှုများ ကြုံနေကြရသည်ဟု ဆိုပါသည်။ ထို့ကြောင့် ပြည်တွင်းထုတ်စားသုံးဆီများကိုသာ သုံးစွဲရန် တိုက်တွန်းအားပေးပြီး ပြည်ပစားအုန်းဆီကို အရန်ဆီအနေဖြင့်သာ ထားရှိသင့်ကြောင်း ပြည်သူများအား အကြံပြုလိုပါသည်။

> **“စိုက်ပျိုးထုတ်လုပ်မှုဟူသည်မှာ နယ်မြေဒေသတည်ငြိမ်မှုအခြေအနေနှင့်လည်း သက်ဆိုင်သည်။ ရာသီဥတု၊ လုပ်သားအင်အား၊ နည်းပညာလိုအပ်ချက်များကား မည်သည့်စိုက်ပျိုးထုတ်လုပ်မှုတွင်မဆို လွှမ်းမိုးသော အကြောင်းတရားများပင်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မျှော်လင့်ချက်ကြီးစွာထားပြီး မဝေးသောအနာဂတ်တွင် မြန်မာနိုင်ငံ၏ ဆီထွက်ဒေသ၊ ဆီအိုးကြီးများ တစ်ခုထက်မက နှစ်ခု၊ သုံးခုမျှ ရှိလာလိမ့်မည်ဟု ပြည်သူတစ်ယောက်အနေဖြင့် ယုံကြည်”**

ပြည်တွင်းဆီ ထုတ်လုပ်မှုလုပ်ငန်းတွင်ကျယ်မှုမရှိခြင်း၏ အကြောင်းရင်းများအနက် ကုန်ကြမ်းမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ချက်နှင့် ဈေးကွက်ဖန်တီးမှု အားနည်းချက်များကလည်း အဓိကအကြောင်းရင်းများ ဖြစ်နေကြောင်း တွေ့ရသည်။ ဝင်ငွေနည်းပြည်သူများနှင့် စရိတ်ချွေတာချင်သူများက ဈေးနှုန်းသက်သာသည့် စားအုန်းဆီအမျိုးမျိုးကိုသာ အားထားနေကြဆဲဖြစ်သည်။ ပြည်တွင်းဆီဖူလုံအောင်လုပ်ဆောင်ရာတွင် ပြည်သူများ ပြည်တွင်းထုတ်ကုန်များကို ဈေးနှုန်းသက်သက်သာသာဖြင့် စားသုံးနိုင်အောင်၊ တစ်ဖက်က ပြည်တွင်းဆီလုပ်ငန်းရှင်များအတွက်လည်း အကျိုးအမြတ်ရှိအောင် သွင်းအားစုများ၊ နည်းပညာ ကူညီထောက်ပံ့မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်ရရှိပြီး ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးချမှသာ အထွက်နှုန်းတိုး၍ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာမည်ဖြစ်ကာ အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်စားသုံးဆီထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်သည်။

### ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုအောင်မြင်ရေး အားပေးနေမှု

နိုင်ငံတော်အနေဖြင့် ဆီထွက်သီးနှံစိုက်တောင်သူများကို မြေပဲတစ်ဧကလျှင် ငွေကျပ်သုံးသိန်း၊ နေကြာတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှင့်ညီမျှသော သွင်းအားစုများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ စားသုံးဆီထုတ်လုပ်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃၉ သန်းလျာထားပြီး စုစုပေါင်း တင်း ၂၄၅ ဒသမ ၁ သန်းထွက်ရှိရန် ခန့်မှန်းထားရှိသည်။ တစ်ဖက်တွင်လည်း ထွက်ရှိလာသော ဆီထွက်သီးနှံကုန်ကြမ်းများကို ကြိတ်ခွဲနိုင်ရေး ၂၀၂၃-၂၀၂၄ ခုနှစ် စာရင်းအရ စက်မှုဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၂၈၇ လုံးခန့် ရှိသည်။ ထိုဆီစက်များ၏ ကြိတ်ခွဲနိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းကျော်ရှိသဖြင့် ထိုစက်စွမ်းအားနှင့် ကိုက်ညီမည့် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ကုန်ကြမ်းအရေအတွက် လုံလုံလောက်လောက် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်သည်။ ထို့အပြင် လည်ပတ်နေသည့် ဆီစက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း အရေးကြီးသည်ကို တွေ့ရသည်။

### သီးနှံအထွက်တိုးစေမည့် စိုက်ပျိုးရေးနည်းစနစ်နှင့် ပူးပေါင်းချိတ်ဆက်မှု

ကုန်ကြမ်းထုတ်လုပ်နေသည့် တောင်သူများတွင် လက်တွေ့ရင်ဆိုင်နေရသည့် ပြဿနာမှာ အချို့ဒေသများ၌ မိမိတို့စိုက်ပျိုးထွက်ရှိသည့် သီးနှံများသည် ရာသီဥတုကြောင့်လည်းကောင်း၊ စိုက်ပျိုးရေလိုအပ်ချက်ကြောင့်လည်းကောင်း၊ စိုက်ပျိုးသည့်နည်းစနစ်မမှန်ကန်ခြင်းကြောင့် လည်းကောင်း သီးနှံအရည်အသွေးလျော့ကျမှုပင်ဖြစ်သည်။ အရည်အသွေးလျော့ကျခြင်း၏ နောက်ဆက်တွဲအဖြစ် မျိုးကောင်း၊ မျိုးသန့်များရရှိရန် ခဲယဉ်းသွားသည်။ နောက်ဆုံးဈေးကွက်တွင်လည်း ဈေးကောင်းမရဖြစ်လာသည်။ တိုးပွားလာသော လူဦးရေနှင့် လုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်းနီးပါးကို နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်ကြမ်းရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်သူကိုယ်တိုင် မိမိစိုက်ပျိုးထားသော ဆီထွက်သီးနှံ၏ ပန်းတိုင်အထွက်နှုန်းရရှိစေရေး အလေးပေးဆောင်ရွက်လိုသည့် ခံယူချက်ရှိရန် လိုအပ်ပါသည်။

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မိမိစိုက်မည့် သီးနှံအတွက် ရာသီဥတု၊ စိုက်ပျိုးချိန်၊ မြေအမျိုးအစား၊ သီးနှံပုံစံ၊ ရိတ်သိမ်းချိန်ကာလတွင် တစ်ဧကသတ်မှတ်အပင်ရေပြည့်မီရေး၊ ပေါင်းမြက်နှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်သည့် သွင်းအားစုထည့်သွင်းနည်းများကို မှန်ကန်စွာထည့်သွင်းခြင်း၊ သီးနှံအလေအလွင့်နည်းစေရန်နှင့် မှန်ကန်စွာ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ စနစ်တကျ သန့်စင်ခြွေလှေ့အခြောက်ခံခြင်းနည်းစနစ်များကို သိရှိလိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အရည်အသွေးလိုအပ်ချက်ရှိသော သွင်းအားစုများ၊ လုပ်သားအင်အားအခက်အခဲများ၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကြောင့် သီးနှံအထွက်နှုန်းနှင့် သီးနှံအရည်အသွေးအပေါ် တိုက်ရိုက်သက်ရောက်မှုများ ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထုတ်ကုန်စွမ်းအားမြင့် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးရမည် ဖြစ်သည်။

စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များကလည်း တောင်သူများထံ နည်းပညာများ မျှဝေပေးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးကို ကောင်းစွာအထောက်အကူပြုပါသည်။ သို့မှသာ တောင်သူများကိုယ်တိုင် လိုလိုလားလား ပူးပေါင်းပါဝင်နိုင်ကြမည်ဖြစ်သည်။ ၎င်းတို့လက်လှမ်းမီသည့် မျိုး၊ စိုက်စနစ်၊ သီးနှံပုံစံ စသည့်သီးနှံစံပြကွက်များပြုလုပ်၍ စိုက်ပျိုးခြင်းသည် တောင်သူလယ်သမားများအတွက် ကြီးမားသည့် အကျိုးအမြတ်ကို ရရှိစေပါမည်။ ထို့ပြင် ဈေးနှုန်းတည်ငြိမ်ပြီး ကောင်းမွန်ခိုင်မာသောဈေးကွက် ဖြစ်ပေါ်လာရေးသည်လည်း အရေးကြီးပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာများနှင့် ဈေးကွက်သတင်းအချက်အလက်များကို လွယ်လင့်တကူ လက်လှမ်းမီ လေ့လာနေရန်လိုအပ်ပြီး လူမှုကွန်ရက်စာမျက်နှာများ၊ Mobile Application၊ Website နှင့် ရုပ်သံလိုင်းများအသုံးပြု၍ တောင်သူများအတွက် ထိထိရောက်ရောက် အသုံးချနိုင်ပါက ပိုမိုအကျိုးရှိနိုင်ပါသည်။

ဆီထွက်သီးနှံများကို ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ပိုမိုရရှိရေးအတွက် တောင်သူများအနေဖြင့် ကုန်သည်ကြီးများအသင်း၊ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ချိတ်ဆက်မှုအားကောင်းရန် အရေးကြီးပါသည်။ သို့မှသာ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ ဆီစက်များ အဆင့်မြှင့်တင်ခြင်းနှင့် ကြိတ်ခွဲထွက်ရှိလာသော ဆီကြိတ်ဖက်များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချခြင်းများကို ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

အမှန်တကယ်တွင် စိုက်ပျိုးထုတ်လုပ်မှုဟူသည်မှာ နယ်မြေဒေသတည်ငြိမ်မှု အခြေအနေနှင့်လည်း သက်ဆိုင်သည်။ ရာသီဥတု၊ လုပ်သားအင်အား၊ နည်းပညာလိုအပ်ချက်များကား မည်သည့်စိုက်ပျိုးထုတ်လုပ်မှုတွင်မဆို လွှမ်းမိုးသော အကြောင်းတရားများပင်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မျှော်လင့်ချက်ကြီးစွာထားပြီး မဝေးသော အနာဂတ်တွင် မြန်မာနိုင်ငံ၏ ဆီထွက်ဒေသ၊ ဆီအိုးကြီးများ တစ်ခုထက်မက နှစ်ခု၊ သုံးခုမျှ ရှိလာလိမ့်မည်ဟု ပြည်သူတစ်ယောက်အနေဖြင့် ယုံကြည်ထားပါသည်။

အဓိက အကြောင်းတရားတစ်ခုဖြစ်သော လုပ်သားအင်အားရှားပါးမှုမှာ ကဏ္ဍတိုင်းတွင် တွေ့နေရသည့်အတွက် အစားထိုးနိုင်မည့်နည်းပညာအသစ်အဆန်းများ၊ နည်းစနစ်သစ်များကို တီထွင်ကြံဆပြီး စဉ်းစားအဖြေရှာနေရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးကို ရည်ရွယ်ရာတွင် အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဆီထွက်သီးနှံစိုက်တောင်သူများစနစ်တကျ ဟန်ချက်ညီညီ လက်တွဲပူးပေါင်း၍ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရေး အားထည့်ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (အဌမ)အကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၂**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ (အဌမ) အကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံး၌ ကျင်းပသည်။


အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအတွင်းရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ၊ ဗဟိုအထောက်အကူပြုရေးရာဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးအမျိုးအစားခွဲခြင်း၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စွက်စာများ၊ တီရှပ်အင်္ကျီများ၊ သောက်ရေသန့်နှင့် ထမင်းဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံ၊ တတိယအကြိမ်မြောက် ကောင်စီအစည်းအဝေးများတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ရက်အထိကျင်းပခဲ့သည့်အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံ၊ တတိယအကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ပြပွဲများ၊ အစီအစဉ်များသို့ တက်ရောက်ခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက်တွင် ချုံချင့်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။




အဆိုပါ အစည်းအဝေးများကို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၅ရက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် China’s National Cultural Heritage administration and Executive Secretary – General of the Alliance for Cultural heritage Conservation in Asia (ACHA) မှ Deputy Director Ge–neral Mr. Xie Bing ဦးဆောင်သော ACHA မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် China Three Gorges Museum သို့ လေ့လာရေးသွားရောက်ခဲ့ရာ အဆိုပါပြတိုက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများ အထူးပြပွဲကိုလည်းကောင်း၊ Three Gorges (ယန်စီမြစ်၊ မြစ်ဝါမြစ်အပါအဝင် မြစ်သုံးမြစ်ဆုံရာဒေသ)တွင် တာတမံပြုလုပ်ရာမှ ထွက်ပေါ်လာသော ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်းများပြခန်းကိုလည်းကောင်း လေ့လာ ကြည့်ရှုခဲ့ကြသည်။ ညနေပိုင်းတွင် ACHA မှ တာဝန်ရှိသူများက တည်ခင်းဧည့်ခံသည့် Welcome Dinner သို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက်အထွေထွေညီလာခံကို ချုံချင့်မြို့ရှိ Liangjiang Hall, Chongqing Yuelai Internatio–nal Conference Center တွင် ကျင်းပခဲ့ရာ Culture and Touri–sm of China, Administrator of the National Cultural Heritage Administration မှ Vice Minister Mr. Rao Quan က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် ACHA မှ တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံကိုကိုယ်စားပြု၍ ဒုတိယဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံက သဗ္ဗညုဘုရားကို MOU ရေးထိုး၍ ပြုပြင်ထိန်းသိမ်းပေးနေမှု၊ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ရန်ပုံငွေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/ မန္တလေး)တို့မှ ပန်းချီ၊ ပန်းပုနှီးနှောဖလှယ်ပွဲများ၊ ရုပ်သေးပြပွဲများ၊ ရုပ်ရှင်နှင့် ဖလင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးသည့် မန္တလေးနန်းမြို့ရိုး၊ အင်းဝပြတိုက်နှင့် မန္တလေး၊ အင်းဝပတ်ဝန်းကျင်မှ ဘုရား၊ ပုထိုးအချို့ကို တရုတ်ပညာရှင်များက လာရောက်ကွင်းဆင်းမှတ်တမ်းတင် အကြံပြုခဲ့ကြမှုများကို တင်ပြဆွေးနွေးခဲ့သည်။ အလားတူ အာရှတိုက်တစ်ခုလုံးရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ Net Work ထားရှိရန်ကိစ္စ အပါအဝင် အကြံပြုချက်များကိုလည်း ဆွေးနွေးခဲ့သည်။

တတိယအကြိမ်မြောက် ACHA ကောင်စီအစည်းအဝေးကို မွန်းလွဲ ၃ နာရီတွင် Joy Hall, Chongqing Yuelai International Confer–ence Center ၌ကျင်းပရာ Secre–tary–General of ACHA, Mr.Kong Vireak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ACHA အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုဝင်ဘာ၂၇ ရက်ညပိုင်းတွင် ACHA ညီလာခံကိုယ်စားလှယ်များအား ယန်စီမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် လှည့်လည်ပြသပြီး တရုတ်ယဉ်ကျေးမှုများကို ဖော်ပြသော Drone Show ဖြင့်လည်းကောင်း၊ တရုတ်ရိုးရာအကအလှများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများ တည်ရှိရာ Cultural Heritage sites in Dazu District သို့ သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် အသက် (၂) လ၊ (၄) လ၊ (၆) လ၊ (၉) လ နှင့် (၁၈) လ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းအပြင် ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းအခြေပြု ဆုံဆို့–မေးခိုင် (DT) ကာကွယ်ဆေးကိုလည်းကောင်း၊ အသက် (၉) နှစ်မှ (၁၁) နှစ်အရွယ် အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်–ဆုံဆို့နာ (Td) ကာကွယ်ဆေးကိုလည်းကောင်း ထိုးနှံပေးလျက်ရှိပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအပြင် ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုအားကောင်းလာစေရန်အတွက် Big Catch–up၊ Routine Catch–up နှင့် Special Immunization Activities နည်းလမ်းများဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကိုကလေးတိုင်းထံသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ခက်ခဲသောဒေသများတွင် နေထိုင်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် လိုအပ်သော ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးရန်အတွက် ထပ်မံအားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)နှင့် ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး) တို့က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေ၊ ညှိနှိုင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ (National Immunization Te–chnical Advisory Group –NITAG) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ WHO၊ UNICEF၊ CHAI ၊ PATH နှင့် HPA အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်သူပူးပေါင်းပါဝင်သော စပါးမျိုး သားဆက်လိုင်းများရွေးချယ်



**နေပြည်တော် ဒီဇင်ဘာ ၂**

စိုက်ပျိုးရေးပညာရှင် သုတေသီများ မျိုးစပ်မွေးမြူထားသည့် စပါးမျိုးလိုင်းများကို တောင်သူများကိုယ်တိုင် ပါဝင်ရွေးချယ်ခြင်းဖြင့် တောင်သူများ၏ အကြိုက်နှင့်ကိုက်ညီပြီး ဒေသနှင့်လိုက်လျောညီထွေမှုရှိသော စပါးမျိုးကောင်းများ ဖော်ထုတ်ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် တောင်သူများပါဝင်သော စပါးမျိုးသားဆက်လိုင်းများရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ တောင်သူ ဦးမျိုးနိုင်ဦး၏စိုက်ကွက်၌ ကျင်းပသည်။

စပါးမျိုးသားဆက်လိုင်း ရွေးချယ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း၊ ဂုံမင်းအင်း၊ အလျင်လိုကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။

ရွေးချယ်ပွဲတွင် ဒုတိယဝန်ကြီးက ပညာရှင်များအနေဖြင့် မျိုးစေ့ထုတ်သည့်နည်းပညာကိုတောင်သူများထံမျှဝေကာ သီးနှံတိုင်းအတွက် တောင်သူကိုယ်တိုင် မျိုးစေ့ထုတ်နိုင်သည့် မျိုးစေ့ထုတ်စနစ်ကို ကျင့်သုံးကြရန်ဖြစ်ပြီး ကျေးရွာအလိုက် မျိုးစေ့ဘဏ် (Village Seed Bank)များ ထူထောင်ကြရမည်ဖြစ်ကြောင်း၊ တောင်သူများ စပါးအခြေခံ သီးနှံပုံစံများစိုက်ပျိုးရာတွင် စပါးအပြီး သီးနှံအတွက် အထွက်နှုန်း ကောင်းမွန်စေရေး အလေးပေး ဆောင်ရွက်ရန်နှင့် မမျှော်မှန်းနိုင်သည့် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် မိုးများလွန်းခြင်း၊ မိုးနည်းလွန်းခြင်းအခြေအနေများတွင် ရေကိုကောင်းစွာ စီမံခန့်ခွဲနိုင်ရန်အတွက် ပေါင်ကြီးတင်စနစ် အသုံးပြုစိုက်ပျိုးရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာရှင်များနှင့် တောင်သူများပူးပေါင်းကာ စိုက်ပျိုးပြသထားသည့် အတွဲသုံးတွဲမှ အထွက်ကောင်း ရောဂါဒဏ်ခံနိုင်၍ ယိုင်လဲဒဏ်ခံနိုင်ပြီး ဆန်ရည်ဆန်သွေးအကောင်းဆုံးမျိုးလိုင်းများအား တောင်သူများနှင့်အတူ ပူးပေါင်းရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❏ *ကျောဖုံးမှ*

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၂၀ ကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

### စနစ်တကျဖျက်ဆီးရှင်းလင်း

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ Starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၈ ဦး၊ ကင်ညာနိုင်ငံသား ၃၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ ဂါနာနိုင်ငံသား နှစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦးနှင့် ဘီနင်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၄၁၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၆၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံအား ချိပ်ပိတ်သိမ်းဆည်းစဉ်။



တရားမဝင် ပြည်ပနိုင်ငံသားများအား လွှဲပြောင်းပေးစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ဖျက်ဆီးနေစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေစဉ်။



ပျော်ဘွယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုး၊ ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ပျော်ဘွယ်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသားများနှင့် တွေ့ဆုံကာ အသိပညာပေးဆွေးနွေးပြီး မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုများ လိုက်လံစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနေ

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တာလံရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းပါရှိစေရေး၊ မကျန်ရှိစေရေးနှင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးနေမှုအား ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဖြည့်ဆည်းပေါင်းစပ်ပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ အမှုထမ်းရပ်ကွက်မှ ဒုတိယအကြိမ် မဲစာရင်းများကြေညာထားရှိမှုအား ဒေသခံပြည်သူများ လာရောက်ကြည့်ရှုနေမှုကို ကြည့်ရှုအားပေးပြီး အဆိုပါအားကစားခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့်ပြည်သူများ MEVM မဲပေးစက်အသုံးပြု၍ စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လဟယ်မြို့ မိုးဒန်းရေကန် ပြန်လည်တူးဖော်ပြီးစီးမှု၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအားဖြန့်ဝေပေးမည့် ကုန်းမြင့်ကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဒေသခံတိုင်းရင်းသား အမျိုးသမီးများကို အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀) သင်ကြားနေမှုများနှင့် သင်တန်းသူများ ကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုကာ



လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းသို့ ရောက်ရှိကာ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် လဟယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးကုသမှု ခံယူနေကြသည့် ဒေသခံ တိုင်းရင်းသားများကို အားပေးစကားများ ပြောကြား၍ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်ကာ ဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာနှီးနှောဖလှယ်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာ နှီးနှောဖလှယ်ပွဲ ပထမနေ့ကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပိုင်ဆယ်မြို့ရှိ ပိုင်ဆယ်အစိုးရအရာရှိများကောလိပ်၌ ကျင်းပရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်၊ ကွန်ပျူတာတက္ကသိုလ် (ပြည်) တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာယုဇန၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသည်။



နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတကာဆက်ဆံရေးစင်တာ၌ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ဒုတိယအမြဲတမ်းကျောင်းအုပ်ကြီးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် နှစ်နိုင်ငံ အေးအတူပူအမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်အသိုက်အဝန်းကို အတူတကွတည်ထောင်နိုင်ရေး၊ ယခုနှစ်၌ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးတည်ထောင်ခြင်း (၇၅) နှစ် ပြည့်မြောက်ပြီဖြစ်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်းအပါအဝင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ရေး၊ AI၊ EV၊ Smart Agriculture စသော ကဏ္ဍများတွင် နည်းပညာဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် **"တရုတ်နိုင်ငံပုံစံ ခေတ်မီဖွံ့ဖြိုးရေးလမ်းစဉ်၏ သီအိုရီနှင့် လက်တွေ့ဆောင်ရွက်မှု"** ခေါင်းစဉ်ဖြင့် အထူးဟောပြောပွဲကို ကျင်းပရာ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံစီးပွားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Cong က နောက်ခံသမိုင်းများ၊ အထူးဝိသေသ လက္ခဏာများဖြစ်သည့် ပြည်သူလူထုတစ်ဦးမကျန်တန်းတူခေတ်မီဖွံ့ဖြိုးရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းညီညွတ်မျှတစွာ ပေါင်းစပ်ထားသော ခေတ်မီဖွံ့ဖြိုးရေး၊ လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်သော ခေတ်မီဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းစွာ အတူတကွ ခေတ်မီဖွံ့ဖြိုးရေးနှင့် လမ်းစဉ်၏ မူလသဘာဝလိုအပ်ချက်များ၊ ၂၀၂၁ မှ ၂၀၂၄ ခုနှစ်တို့အတွင်း တရုတ်နိုင်ငံ၏ GDP သည် နှစ်စဉ်ပျမ်းမျှ ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာသဖြင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာဆန်းသစ်တီထွင်မှု အညွှန်းကိန်းသည် နံပါတ် ၁၀ သို့ ရောက်ရှိလာမှု၊ ပြည်သူ့လူမှုရေး လုံခြုံမှု ခိုင်မာစွာအာမခံနိုင်မှုများ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအောင်မြင်မှုများ၊ EV နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ဖြင့် အစိမ်းရောင်စွမ်းအင်သို့ ပြောင်းလဲအသုံးချကာ ဂေဟစနစ်သဘာဝပတ်ဝန်းကျင် အရည်အသွေးတိုးတက်မှု အရှိန်မြှင့်တင်လာမှုများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ပြည်တွင်းပညာရှင်များဖြင့် ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု အဆင့်အတန်းကြီးမားစွာ မြင့်တက်လာခြင်း၊ ပြည်သူ့လူမှုဘဝ အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်လာခြင်းတို့ကို ဟောပြောဆွေးနွေးရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကောလိပ်ရှိစာကြည့်တိုက်သို့သွားရောက်လေ့လာပြီး **"တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာ အသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာ ပလက်ဖောင်းကို အခြေခံ၍ ဉာဏ်ရည်တုခေတ်အတွင်း တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးကို အားပေးမြှင့်တင်ခြင်း"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရ ဒုတိယအထွေထွေ အတွင်းရေးမှူးနှင့် တရုတ်-အာဆီယံ သတင်းအချက်အလက် ဆိပ်ကမ်းတည်ဆောက်ရေးရုံး ညွှန်ကြားရေးမှူးချုပ် Mr. Zhao Zhigang က တရုတ်နိုင်ငံ၏ AI ဆန်းသစ်တီထွင်မှုများနှင့် လူတိုင်းအကျိုးခံစားရေးအစီအစဉ်၊ ကွမ်ရှီး AI ဖွံ့ဖြိုးမှုနှင့် လက်တွေ့ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် AI ပူးပေါင်းဖွံ့ဖြိုးရေး အကြံပြုချက်များ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အတွက် အမျိုးသားအဆင့် AI မော်ဒယ်တည်ဆောက်ခဲ့မှုများ၊ အလားတူ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် တည်ဆောက်နေမှု၊ တရုတ် AI မော်ဒယ်များ၏ အတွေးအခေါ်စနစ်၊ AI ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုရှင်သန်ရေးပြဿနာ၊ တရုတ်-အာဆီယံဉာဏ်ရည်တုနည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာတည်ထောင်ခြင်း၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စီမံခန့်ခွဲမှု အခြေအနေများ၊ ကွမ်ရှီးဒစ်ဂျစ်တယ်အရင်းအမြစ်စုစည်းမှုနှင့် ဒစ်ဂျစ်တယ်အစိုးရ စီမံခန့်ခွဲမှုစနစ်ဖွဲ့စည်းပုံ၊ မြောက်ပိုင်းပင်လယ်ကွေ့ဒေတာ ဈေးကွက်ဗဟိုဌာန၊ ကွမ်ရှီးဒေတာထုတ်ကုန်စာရင်း၊ တရုတ်-အာဆီယံ ဥပဒေဆိုင်ရာမော်ဒယ်၊ ဒစ်ဂျစ်တယ်အစိုးရထူထောင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် ဒေတာစနစ်၏ အခြေခံအုတ်မြစ်ကို ပူးပေါင်းတည်ဆောက်ခြင်း၊ နယ်စပ်ဖြတ်ကျော်၍ ဒေတာနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဟောပြောဆွေးနွေးရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရှိ AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

| ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂-၁၂-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ | | |
|---|---|---|
| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
| ဟားခါးမြို့ | ၁.၇ | ၃၅.၁ |
| ဟဲဟိုးမြို့ | ၂.၄ | ၃၆.၃ |
| လွိုင်လင်မြို့ | ၃.၁ | ၃၇.၆ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၄.၂ | ၃၉.၆ |
| ပင်လောင်းမြို့ | ၄.၅ | ၄၀.၁ |
| မိုင်းယန်းမြို့ | ၅.၅ | ၄၁.၉ |
| ပြင်ဦးလွင်မြို့ | ၆.၄ | ၄၃.၅ |
| တောင်ကြီးမြို့ | ၇.၆ | ၄၅.၇ |
| လွိုင်ကော်မြို့နှင့် လားရှိုးမြို့ | ၈.၀ | ၄၆.၄ |
| ညောင်ရွှေမြို့ | ၈.၃ | ၄၆.၉ |

## ငယ်ရွယ်စဉ်၌ စမတ်ဖုန်းအသုံးပြုမှု ပိုမိုဆိုးရွားသော ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်မှုရှိဟုဆို

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂**

အသက်ငယ်ရွယ်စဉ် အချိန်တွင် စမတ်ဖုန်းအသုံးပြုခြင်းမှာ ပိုမိုဆိုးရွားသော ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်မှုရှိကြောင်း ဒီဇင်ဘာ ၁ ရက်က ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသော လေ့လာမှုအသစ်အရ သိရသည်။



Pediatrics ဂျာနယ်၌ ဖော်ပြထားသော အဆိုပါ သုတေသနပြုလေ့လာမှုတွင် ဆယ်ကျော်သက်ဦးနှောက်နှင့် သိမြင်မှုဆိုင်ရာ လေ့လာမှုတစ်ရပ်တွင် ပါဝင်ခဲ့သော အသက် ၁၂ နှစ်အရွယ် ကလေးငယ်ပေါင်း ၁၀၀၀၀ ကျော်၏ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၁၂ နှစ်အရွယ်၌ စမတ်ဖုန်း အသုံးပြုသူများကို စမတ်ဖုန်း အသုံးမပြုသူများနှင့် နှိုင်းယှဉ်ကြည့်ရာတွင် စိတ်ဓာတ်ကျခြင်း၊ အဝလွန်ခြင်းနှင့် အိပ်စက်ချိန်မလုံလောက်ခြင်းတို့ ဖြစ်ပေါ်စေပြီး ဆိုးရွားသော ကျန်းမာရေးအန္တရာယ်များနှင့် ဆက်နွယ်နေသည်ဟု လေ့လာမှုတွင် ဖော်ပြထားသည်။

လေ့လာမှု၏ ရလဒ်များသည် အရေးပါပြီး အချိန်မီသော ထိုးထွင်းသိမြင်မှုများကို ပေးစွမ်းနိုင်ကြောင်း၊ ထို့ကြောင့် ယင်းရလဒ်များသည် ဆယ်ကျော်သက်လူငယ်များ၏ စမတ်ဖုန်းအသုံးပြုမှုနှင့်ပတ်သက်၍ အုပ်ထိန်းသူများကို အသိပေးသင့်ကြောင်းနှင့် လူငယ်လူရွယ်များကို အကာအကွယ်ပေးရန် ရည်ရွယ်သည့် အများပြည်သူဆိုင်ရာ မူဝါဒများ ရေးဆွဲရာတွင်လည်း အထောက်အကူဖြစ်စေသင့်သည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ အများပြည်သူသုံး လျှပ်စစ်စက်ဘီး ထောင်ပေါင်းများစွာ အသုံးပြုသွားရန်စီစဉ်

**ဟနွိုင်း ဒီဇင်ဘာ ၂**

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းသည် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသည့် သယ်ယူပို့ဆောင်ရေးစနစ်သို့ ပြောင်းလဲရာတွင် အရှိန်မြှင့်တင်သည့်အနေဖြင့် အများပြည်သူသုံး လျှပ်စစ်စက်ဘီး ထောင်ပေါင်းများစွာ အသုံးပြုသွားရန် စီစဉ်နေကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၂ ရက်တွင် ဖော်ပြထားသည်။

Tri Nam ဒစ်ဂျစ်တယ်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ပူးပေါင်းစတော့ကုမ္ပဏီသည် ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ မြို့တွင်းရှိ နေရာ ၁၃၀ အထူးသဖြင့် မြို့ပတ်လမ်း - ၁ အတွင်း လျှပ်စစ်စက်ဘီး ၅၀၀ ကို ဖြန့်ကြက်ချထား အသုံးပြုနေပြီဖြစ်သည်။ ယင်းကုမ္ပဏီသည် ယခုဒီဇင်ဘာလမှစတင်ကာ ၂၀၂၆ ခုနှစ် ပထမသုံးလပတ်ကာလတွင် ဟနွိုင်းမြို့ဧရိယာအတွင်း လျှပ်စစ်စက်ဘီး ၅၀၀၀ ကျော် ဝန်ဆောင်မှုပေးသွားရန် ရည်ရွယ်ထားကြောင်း ကုမ္ပဏီညွှန်ကြားရေးမှူး ငုယင်ဒန်ခွာက ပြောကြားသည်။

Gleximco ပူးပေါင်းစတော့ကုမ္ပဏီသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် လျှပ်စစ်စက်ဘီး ၁၀၀၀ မှ ၂၀၀၀ အထိ လည်ပတ်သွားရန်၊ ဇူလိုင်လတွင် ၅၀၀၀ အထိ တိုးမြှင့်သွားရန်နှင့် ၂၀၂၈ ခုနှစ် ဒီဇင်ဘာလတွင် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ရောက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**




## တရုတ်နိုင်ငံတစ်ဝန်း အအေးလှိုင်းဖြန့်ကြက်လွှမ်းခြုံ မလိုအပ်ဘဲ အပြင်မထွက်ရန် တိုက်တွန်းထား

**ပေကျင်း ဒီဇင်ဘာ ၂**

ပြင်းထန်သည့် အအေးလှိုင်းသည် တရုတ်နိုင်ငံတစ်ဝန်း ဆက်လက်ဖြန့်ကြက် လွှမ်းခြုံထားသဖြင့် ဒီဇင်ဘာ ၂ ရက်တွင် အအေးလှိုင်းနှင့် လေပြင်းတိုက်ခတ်မှုများအတွက် အပြာရောင်သတိပေးချက်ဆိုင်ရာ နောက်ဆုံးပြင်ဆင်ဖော်ပြချက်ကို တရုတ်မိုးလေဝသ အာဏာပိုင်များက ဖော်ပြခဲ့သည်။

အအေးလှိုင်းသည် နိုင်ငံမြောက်ပိုင်းဒေသများကို လွှမ်းခြုံလျက်ရှိပြီး တောင်ဘက်အထိ ဆက်လက် လွှမ်းခြုံဖြန့်ကြက်နိုင်သည်ဟု အမျိုးသားမိုးလေဝသဌာန မိုးလေဝသခန့်မှန်းရေးအရာရှိချုပ် ယန်ရှုနန်က ပြောသည်။

မွန်ဂိုလီးယား အတွင်းပိုင်းကဲ့သို့သော အရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် သိသာသည့် အပူချိန်လျော့နည်းမှုများ ဖြစ်ပွားကာ ၆ ဒီဂရီမှ ၁၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ပြီး အချို့ဒေသများတွင် အပူချိန် ၁၂ ဒီဂရီဆဲလ်စီးယပ်စ်မှ ၁၄ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရုတ်တရက်ကျဆင်းခဲ့သည်ဟု ယန်က ပြောသည်။

အအေးလှိုင်းသည် နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းသို့ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ရွေ့လျားသွားမည်ဖြစ်ပြီး ယင်းဒေသများတွင် အပူချိန်ကျဆင်းမှုများဖြစ်ပေါ်နိုင်သည်။

အအေးလှိုင်းသည် ဒီဇင်ဘာ ၄ ရက်အထိ ဆက်လက်တည်ရှိနေမည်ဖြစ်သောကြောင့် သက်ဆိုင်ရာ ဒေသခံပြည်သူများကို နွေးနွေးထွေးထွေး နေထိုင်ကြရန်နှင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန် အကြံပြုထားသည်။

တရုတ်နိုင်ငံတွင် မိုးလေဝသဆိုင်ရာ သတိပေးချက်စနစ်ကို အရောင်ဖြင့် ခွဲခြားသတ်မှတ်ထားသော အဆင့် လေးဆင့်ရှိပြီး အနီရောင်အဆင့်မှာ အပြင်းထန်ဆုံးဖြစ်သည်။ ထို့နောက် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်တို့ဖြစ်သည်။ **ဆင်ဟွာ**



## ပုံးခြိမ်းခြောက်မှုကြောင့် အင်ဒီဂိုလေကြောင်းလိုင်း မွမ်ဘိုင်းလေဆိပ်သို့ အရေးပေါ် ဆင်းသက်

**နယူးဒေလီ ဒီဇင်ဘာ ၂**

အာဏာပိုင်များက ဗုံးခြိမ်းခြောက်မှုတစ်ခု လက်ခံရရှိပြီးနောက် ကူဝိတ်မှ အိန္ဒိယနိုင်ငံမြို့တော် ဟိုင်ဒြာဘတ်သို့ ပျံသန်းပြေးဆွဲနေသော အင်ဒီဂိုလေကြောင်းလိုင်းသည် ဒီဇင်ဘာ ၂ ရက်တွင် အိန္ဒိယစီးပွားရေးမြို့တော် မွမ်ဘိုင်း၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

လေယာဉ်ပေါ်တွင် ခန္ဓာကိုယ်၌ ဗုံးတပ်ဆင်ထားသူလိုက်ပါလာကြောင်း အီးမေးလ်သတိပေးချက်တစ်ခုကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရရှိပြီးနောက် လေယာဉ်ကို လမ်းကြောင်းပြောင်းပျံသန်းစေခဲ့ပြီး အနီးဆုံးမွမ်ဘိုင်းလေဆိပ်သို့ ဆင်းသက်စေခဲ့ခြင်းဖြစ်သည်။

မွမ်ဘိုင်းလေဆိပ်သို့ ဆင်းသက်ပြီးမကြာမီ လေယာဉ်ကို လေဆိပ်ရှိ သီးခြားနေရာတစ်ခုတွင် ရပ်တန့်စေခဲ့ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း လေယာဉ်ပေါ်တွင် မည်သည့် မသင်္ကာစရာမျှမတွေ့ရှိခဲ့သည့်အတွက် ဗုံးခြိမ်းခြောက်မှုကို နောက်ပြောင်လိမ်လည်မှုတစ်ခုအဖြစ် တာဝန်ရှိသူများက မှတ်ယူခဲ့ကြသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ လေကြောင်းလိုင်းနှင့် လေဆိပ်များက လက်ခံရရှိခဲ့သည့် ဗုံးခြိမ်းခြောက်ခေါ်ဆိုမှု အကြိမ်အရေအတွက် စုစုပေါင်း (၉၉၉) ကြိမ်ရှိခဲ့ကြောင်း တရားဝင်သတင်းအချက်အလက်များတွင် ဖော်ပြထားသည်။

လွန်ခဲ့သောနှစ် ဇွန်လတွင် အိန္ဒိယနိုင်ငံ၏ အရပ်ဘက်လေကြောင်းလုံခြုံရေးအဖွဲ့သည် ယင်းကဲ့သို့ ခြိမ်းခြောက်မှု ကျူးလွန်သူများကို ငါးနှစ်ကြာ လိုက်ပါစီးနင်းခွင့်ပိတ်ပင်ရန် အဆိုပြုခဲ့သည်။ **ဆင်ဟွာ**




## သီရိလင်္ကာနိုင်ငံ၌ မုန်တိုင်းဒဏ်သင့်သူ ၁ ဒသမ ၄ သန်းတွင် ကလေးသူငယ် ၂၇၅၀၀၀ ထက်မနည်း ပါဝင်ဟုဆို

**ကိုလံဘို ဒီဇင်ဘာ ၂**

သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ဘေးဒဏ်သင့်သူ ၁ ဒသမ ၄ သန်းတွင် ကလေးသူငယ် ၂၇၅၀၀၀ ထက်မနည်း ပါဝင်ကြောင်း ယူနီဆက်ဖ်က ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



သီရိလင်္ကာနိုင်ငံရှိ ယူနီဆက်ဖ်ကိုယ်စားလှယ် အမ်မာ ဘရစ်ဟမ်က ကလေးသူငယ်များမှာ အကူအညီများ အရေးတကြီး လိုအပ်နေကြောင်းနှင့် ဘေးဒဏ်အသင့်ဆုံး မိသားစုများထံ အကူအညီများ ရောက်ရှိရန် ခက်ခက်ခဲခဲ ကြိုးပမ်းနေရကြောင်း ပြောသည်။

အခြေခံအဆောက်အအုံနှင့် အရေးပါသော ဝန်ဆောင်မှု အများအပြား ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သောကြောင့် လူပေါင်း ထောင်နှင့်ချီ ယာယီတိမ်းရှောင်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြရကြောင်း၊ ကလေးငယ်များအကြား ကူးစက်ရောဂါဖြစ်ပွားမှု၊ အာဟာရချို့တဲ့ဖြစ်ပွားမှုနှင့် စိတ်ခံစားမှုဆိုင်ရာ ဖိစီးမှုအန္တရာယ်များ တိုးလာစေကြောင်း ယူနီဆက်ဖ်က ပြောသည်။

၂၀၂၅ ကမ္ဘာ့ဘဏ်၏ အစီရင်ခံဖော်ပြချက်အရ သီရိလင်္ကာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုမှာ ၂၀၁၉ ခုနှစ်နောက်ပိုင်း နှစ်ဆကျော်ရှိလာပြီး ၁၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ သေဆုံးသူပေါင်း ၄၀၀ ကျော်လာပြီဖြစ်သည်။ **ဆင်ဟွာ**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာရှိသာသနာ့ဗေယျာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၆၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၁ ဦး၊ ခွဲစိတ်ရောဂါ ၃၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၀၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၆၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာကိုးဦး၊ မျက်စိခွဲစိတ်ကုသလူနာ ငါးဦး၊ သွားနုတ်/သွားဖာ ၁၉ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောဆောင်ရွက်ပေးသည်။






ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်တော့်နာမည်က ဦးတင်ဆန်းဖြစ်ပါတယ်။ ကျွန်တော်က ဘီတွတ်ရွာမှာပဲနေတာပါ။ နံရိုးနာကျင်ကိုက်ခဲမှုရယ်၊ မျက်လုံးရယ် လာပြတာပါ။ အဆင်ပြေပါတယ်။ တိုက်ရိုက်လာလုပ်တဲ့အတွက် စရိတ်ကအစ သက်သာတာရယ်၊ ကျန်းမာရေးဝန်ဆောင်မှုတွေ ကောင်းမွန်တာကြောင့် အများကြီး ဝမ်းသာပါတယ်။ သွားပြရမယ်ဆိုရင် ခရီးစရိတ်၊ စားစရိတ်၊ သွားစရိတ်တွေက အများကြီး အခက်အခဲရှိတယ်။ လူမျိုးလည်းမခွဲခြားဘူး။ လူတန်းစားလည်း မခွဲခြားဘူး။ ကုသရတဲ့နေရာကလည်း ကျယ်ဝန်းတယ်။ ဧည့်ခံကြိုဆိုမှုနဲ့ ဆရာဝန်ကြီးတွေရဲ့ နွေးထွေးစွာ စောင့်ရှောက်မှုတို့ကြောင့် လူတွေအားလုံးကလာကြတာ၊ ဦးစီးလုပ်ဆောင်ပေးကြတဲ့ ဒီက နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ၊ ဆရာဝန်ကြီးတွေအားလုံးကို ကျွန်တော်တို့ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျွန်တော်က အများကြီး ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းပိုင်းအတွင်း စုတည်-တောင်ဇင်း ဘူတာအကြား တံတားအမှတ် ၁၅၇ အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ–ကျောက်ပန်းတောင်း လမ်းပိုင်းအတွင်း စုတည်ဘူတာနှင့် တောင်ဇင်းဘူတာအကြား သံလမ်းပြေးယာဉ် RGC 103 ဖြင့် ရထားလမ်းပိုင်းအား ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်စစ်ဆေးစဉ် မိုင်တိုင် ၃၈၁/၁၅–၁၆ ကြား ပေ ၂၀ အရှည်ရှိ သံပေါင်တံတားအမှတ် ၁၅၇ အနီးတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထားသံလမ်းအရှေ့ဘက်ခြမ်း သံလမ်းဖိနပ် တစ်ပေခန့် ပွဲထွက်ပျက်စီးခြင်းနှင့် ဇလီဖားသုံးတုံး ကျိုးပဲ့နေကြောင်းတွေ့ရှိရသဖြင့် စုတည်–တောင်ဇင်း ရထားလမ်းပိုင်းအား နံနက် ၁၀ နာရီ ၁၆ မိနစ်ခန့်တွင် ယာယီပိတ်ထားခဲ့ကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသ တာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် နယ်မြေရှင်းလင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သံလမ်းအားဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၁ မိနစ်ခန့်တွင် လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် ရထားကြန့်ကြာမှုမရှိကြောင်းနှင့် လမ်းပိုင်းအတွင်း အပတ်စဉ် ပြေးဆွဲလျက်ရှိသည့် ရန်ကုန်–ပုဂံ အမှတ်(၆၁)အဆန် လူစီးရထားနှင့် အမှတ်(၆၂)အစုန် ပုဂံ–ရန်ကုန် လူစီးရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ–ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅–၁၆)ရှိ တံတားအမှတ် ၁၅၇ သံပေါင်ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ–ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅–၁၆)ရှိ ပေ ၂၀ အရှည် သံပေါင်တံတားပေါ်၌ ရထားသံလမ်းပျက်စီးမှုကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိမြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၈၃)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၉)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ–ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅–၁၆)ရှိ တံတားအမှတ် ၁၅၇ အပေါ်ရှိ ရထားသံလမ်းပြုပြင်နေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ–ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅–၁၆)ရှိ တံတားအမှတ် ၁၅၇ ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး



**မိုင်းဆတ်**

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေးအတွက် မဲစာရင်းများ အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ သက်ဆိုင်ရာ မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



**မက်မန်း**

မက်မန်းမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၈ ရက်က မြို့ပေါ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်နေမှုကို "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မဟာအောင်မြေ**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲစာရင်းကြေညာပြီး မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ မကျန်ရှိစေရေးအတွက် ဒီဇင်ဘာ ၁ ရက်က မဟာအောင်မြေမြို့နယ် သံလျှက်မော်အရှေ့ရပ်ကွက်နှင့် တက္ကသိုလ်ရပ်ကွက်များတွင် ကွင်းဆင်း၍ တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများက မြေပြင်ကွင်းဆင်း၍ ထပ်မံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေတိုး**



**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ပြည်သူများအား ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေးအတွက် မဲစာရင်းများ အိမ်တိုင်ရာရောက် ကွင်းဆင်းစိစစ်ပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ ပူးပေါင်းကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **ကိုဆက်(ပြန်/ဆက်)**



**ကော့ကရိတ်**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများ အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများ အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၉ ရက်က ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ပေါ်ရပ်ကွက်(၁၊ ၂၊ ၃၊ ၄)တို့တွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့အုပ်ချုပ်ရေးမှူးတို့က မဲစာရင်းများ မှန်ကန်စေရေး ကြည့်ရှုစစ်ဆေးကြသည်။ **ခရိုင်(ပြန်/ဆက်)**





**ဇမ္ဗူသီရိ**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်ပုံစံနှင့်ကိုက်ညီသော မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးတို့အတွက် ဒီဇင်ဘာ ၁ ရက်က သက်ဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်း ဆောင်ရွက်ခဲ့သည်။ **နီလာ(ပြန်/ဆက်)**



**သနပ်ပင်**

သနပ်ပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး မဲဆန္ဒရှင်အမည်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာပေးပြီးဖြစ်ရာ မဲစာရင်းကျန်ရှိမှုများ မဖြစ်ပေါ်စေရေးအတွက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများပါဝင်သည့် အဖွဲ့ ၁၃ ဖွဲ့ ဖွဲ့စည်း၍ နိုဝင်ဘာ ၂၉ ရက်မှစတင်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တမူးမြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး၊ လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**တမူး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူးရပ်ကွက် ဂေါ်ရခါးဓမ္မာရုံ၌ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို ဒီဇင်ဘာ ၁ ရက်က ကျင်းပသည်။



ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မိုးလွင်က မိမိတို့မြို့နယ်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်စေရေးနှင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည်များ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲပေးစက်နှင့်စပ်လျဉ်း၍ သေချာစွာ လိုက်နာမှတ်သားရန်နှင့် ရွေးကောက်ပွဲကာလတွင် အဆိုပါ မဲပေးစက်များကို လက်တွေ့အသုံးပြုရာတွင် အခက်အခဲမရှိ အမှားကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်မြတ်နှင့် အတွင်းရေးမှူး ဒေါ်ကျော့ယမင်းကိုကိုတို့က MEVM စက်တွင်ပါဝင်သည့် အစိတ်အပိုင်းများအကြောင်းတို့ကို သရုပ်ပြရှင်းလင်းခြင်း၊ မဲပေးစက်တပ်ဆင်ခြင်း၊ မဲပေးစက်စမ်းသပ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



နေပြည်တော် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ကျေးရွာမဲရုံများ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က မြို့နယ်အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။

တင်စိုးလွင်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ထားဝယ်မြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



ထားဝယ် ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကျင်းပသော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဝင် သက်ဆိုင်ရာဌာနများအနေဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းပေါင်း ၇၆ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် အမျိုးသား ၆၉၅ ဦး၊ အမျိုးသမီး ၁၆၈၂ ဦး စုစုပေါင်း ၂၃၇၇ ဦး တက်ရောက်ပြီး တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် လုပ်ငန်းကော်မတီဝင်များက သင်တန်းသူ ၁၅ ဦးအား သင်တန်းဆင်း လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကျွန်းစုမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

ကျွန်းစု ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစု မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်း



စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ အဖွဲ့များခွဲ၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာနေ ပြည်သူများအား အိမ်ထောင်စုစာရင်းများဖြင့် မဲစာရင်းတွင် ပါဝင်မှုရှိ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်းတွင် ပါဝင်မှု မရှိသေးသူများအား ပုံစံ (၃) ဖြင့် လျှောက်ထားဆောင်ရွက်ခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ဇေယျာသီရိမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်

နေပြည်တော် ဒီဇင်ဘာ ၂

ဇေယျာသီရိမြို့နယ်၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရန် မဲစာရင်းတွင် ပါသင့်သူများ မကျန်ရှိစေရေးနှင့် မပါဝင်သင့်သူများ ပါဝင်နေမှုမရှိစေရေး၊ အသက် ၁၈ နှစ်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် ရပ်ကွက်/ကျေးရွာများသို့ တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၃၀ ရက်က မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများ၌ အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် တာဝန်ရှိသူများ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များက လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းရလဒ်မှန်ကန်စေရေးအတွက် ဖွဲ့စည်းထားရှိသည့် ကြီးကြပ်မှုကော်မတီဝင်များဖြင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



# သာကေတမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်စေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိ



သူများက မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(သာကေတ)

# မြောင်းမြ၌ ပန်းခင်းစီမံချက် (၃)ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေး



မြောင်းမြ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၃၀ ရက်မှစ၍ ကွယ်လယ်ကျေးရွာနှင့်ရှမ်းရေကျော်ကျေးရွာများ၌ ပြုလုပ်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြောင်းမြမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဒု-လဝက မှူး ဒေါ်ဝင်းလဲ့မွန်က ကွယ်လယ်ကျေးရွာ၌ လည်းကောင်း၊ လက်ထောက်လဝကမှူး ဦးဇင်မင်းကိုက ရှမ်းရေကျော်ကျေးရွာ၌ လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

# ညောင်လေးပင်မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်

ညောင်လေးပင် ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး မဲဆန္ဒရှင်အမည်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ရာ မဲစာရင်းကျန်ရှိမှုများ မဖြစ်ပေါ်စေရေးအတွက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးနိုင်ရေး သက်ဆိုင်ရာ ဌာနများပါဝင်သည့် အဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်း၍ နိုဝင်ဘာ ၂၉ ရက်မှစတင်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပျဉ်းမနားမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး မဲဆန္ဒရှင်အမည်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ရာ မဲစာရင်းကျန်ရှိမှုများ မဖြစ်ပေါ်စေရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာ အသီးသီးပါဝင်သည့် အဖွဲ့ ၃၆ ဖွဲ့ ဖွဲ့စည်း၍ နိုဝင်ဘာ ၂၉ ရက်မှစတင်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့မမြောက်ရပ်ကွက်နေ ကျော်ဝင်းနိုင် (၄၆)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Win Naing” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားလှုံ့ဆော်ခဲ့ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၃၀ ရက်တွင် ရေနံချောင်းမြို့မရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက် ဦးမြအပိုင်ဖွံ့ဖြိုးရေးလမ်းနှင့် ကွက်သစ်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား ဖျက်ဆီးသွားသူ အဆိုပါရပ်ကွက်နေ သိသာဆို(၃၀)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် စက်ဆန်းနယ်မြေရဲစခန်း (ပ)၁၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုး (၅၈)နှစ်သည် ၎င်းအသုံးပြုသည့် “Khaing Soe” Facebook Account ဖြင့် Messanger တွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် စာသားများ ရေးသားပြောဆိုထားသည်ကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင်မြို့မရဲစခန်း (ပ)၄၃၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့ တောင်မင်းတည်းရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း (ပိသုလိမ်း) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအေး၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉-၆၇၃၅၆၂၀၇၈ နံပါတ်ဖြင့် “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆရာမကြီးကျောင်းက မဲရုံတာဝန်ရှိသူများကိုပါ ကြိုတင်သတိပေးတာပါ”ဟု ခြိမ်းခြောက်စာပေးပို့ခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာရေးသားပေးပို့ခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် သရက်မြို့မ ရဲစခန်း(ပ)၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၁၆ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သိမ်ဇရပ်)မှ ဆရာမ ကိုးဦးသည် ကျိုက်ထိုမြို့၌ ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့် သင်တန်းတက်ရောက်ရန် မော်တော်ယာဉ်ဖြင့်သွားစဉ် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာ တိုးဂိတ်အနီးအရောက်၌ သံချောင်း ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများက မော်တော်ယာဉ်အား တားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာမများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် သံချောင်း ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာ ၂၅ ရက်တွင် သိမ်ဇရပ်နယ်မြေရဲစခန်း (ပ)၁၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရေလဲကျေးရွာအုပ်စုနှင့် နတ်သံကွင်းကျေးရွာအုပ်စုတို့မှ ကျေးရွာတာဝန်ခံများအား တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ရင်းတိုက်ကုန်းကျေးရွာသို့ ခေါ်ဆောင်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆန္ဒမဲပေးခြင်း မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အား နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်ကြီးမြို့မရဲစခန်း (ပ)၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၂၂ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာမြင့်၏ လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉-၂၅၁၈၈၈၆၂၂ ဖြင့် “ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် သတိနဲ့နေပါ”ဟု ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ခြိမ်းခြောက်ပြောဆိုခဲ့သူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၈ ရက်တွင် ဟားခါးမြို့မရဲစခန်း (ပ)၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၃ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာ ရပ်ကွက်နှင့် ရမ်ပူရပ်ကွက် အဝင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၆ ရက်တွင် မြစ်ကြီးနားမြို့နယ်မြေရဲစခန်း (ပ)၂၂၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေချိုကုန်းကျေးရွာ ရာအိမ်မှူး ဦးမြင့်စိုး၏ နေအိမ်ခြံဝင်းအတွင်းသို့ “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ရေးသားထားသည့်” ခြိမ်းခြောက်စာတစ်စောင် လာရောက်ပစ်ချသွားခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာ ပစ်ချခဲ့သူ (စိစစ်ဆဲ) အား နိုဝင်ဘာ ၂၇ ရက်တွင် ကန်ဘက်နယ်မြေရဲစခန်း (ပ)၅၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်-ကျားကလေးသွားကားလမ်းနှင့် ခရားအတွင်းကျေးရွာ ရွာအဝင်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၅ ရက်တွင် ဇာသပြင်နယ်မြေရဲစခန်း (ပ)၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် ၁၂၁ လမ်းနှင့် ၆၀ လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)၂၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ အမှတ်(၂) ရပ်ကွက်၊ မြို့ပတ်လမ်းနှင့် ထန်းတောင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၇ ရက်တွင် ငွေဆောင်နယ်မြေရဲစခန်း(ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက် (၃၇)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား သုံးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဝေလင်းထက်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဖမ်းဆီးသွားသည့် PDF အမည်ခံအကြမ်းဖက်သမား သုံးဦး(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၉ ရက်တွင် ပခုက္ကူမြို့မရဲစခန်း (ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ လမ်းလေးဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၃၀ ရက်တွင် ကျွန်းစုမြို့မရဲစခန်း (ပ)၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဘိုလော့ဂ်နာအသင်းဘက်သို့ အနိုင်သေချာစေမည့် တတိယဂိုး တိုက်စစ်ကစားသမား ဗာဒီ သွင်းယူစဉ်။

## ခရီးမွှန်းနိစ်က တိုက်စစ်ကစားသမား ဗာဒီ၏ သွင်းဂိုးများနှင့်အတူ ဘိုလော့ဂ်နာကို အနိုင်ရ

အီတလီစီးရီးအေ ပွဲစဉ် (၁၃) အဖြစ် ဒီဇင်ဘာ ၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုလော့ဂ်နာနှင့် ခရီမွှန်းနိစ်အသင်းပွဲစဉ်တွင် ခရီမွှန်းနိစ်အသင်းက တိုက်စစ်ကစားသမား ဗာဒီ၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

စက်တင်ဘာလက စီးရီးအေကလပ် ခရီမွှန်းနိစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော တိုက်စစ်ကစားသမား ဗာဒီသည် စီးရီးအေ ကိုးပွဲတွင် သွင်းဂိုး လေးဂိုး ရှိလာပြီဖြစ်သည်။

ဘိုလော့ဂ်နာအသင်းသည် ခရီမွှန်းနိစ်အသင်းထက် ပိုမိုကောင်းမွန်သည့် ကစားဟန်၊ သာလွန်သည့် ဂိုးပေါက်ကန်သွင်းချက်များဖြင့် ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်သည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ခရီမွှန်းနိစ်အသင်းဂိုးသမား အူဒါရိုသည် ဘိုလော့ဂ်နာအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်ထားနိုင်သည်။ ဘိုလော့ဂ်နာအသင်းအတွက် သွင်းဂိုးကို အော်ဆိုလီနီက သွင်းယူပေးပြီး ခရီမွှန်းနိစ်အသင်းအတွက် သွင်းဂိုးများကို ပါယာရိုနှင့် ဗာဒီတို့က သွင်းယူပေးခဲ့သည်။

ခရီမွှန်းနိစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေ ၁၃ ပွဲကစားပြီး ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၁) တွင် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

## နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် ဒက္ခိဏသီရိမြို့နယ်၌ မိုးစံပါးစံကွက် ရိတ်သိမ်းပွဲတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ဒက္ခိဏသီရိမြို့နယ် စိုက်ကြပ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အတူ ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် ကျွန်းတပဲ့ကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၁၃) တောင်သူ ဒေါ်သန်းလှိုင်၏ မိုးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က တာဝန်ရှိသူများအား ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် (မျိုး၊ မြေ၊ ရေ၊ နည်း) နည်းလမ်းလေးရပ်ကို လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ရန်၊ ဆောင်းသီးနှံနှင့် နွေသီးနှံများကို အချိန်မီ စိုက်ပျိုးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး တောင်သူ ဒေါ်သန်းလှိုင်၏မိုးစပါးစိုက်ခင်းတွင် အောင်နိုင်တိုးစပါး စံကွက်ရိတ်သိမ်းခြင်း၊ စပါးခြင်တွယ်ခြင်းများကို ကြည့်ရှုအားပေးကြရာ တစ်ဧကလျှင် အစို တင်း ၁၃၀၊ အခြောက် ၁၁၇ တင်း ထွက်ရှိခဲ့သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ချိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၀) အတွင်းရှိ တောင်သူ ဒေါ်ခေါင်ညွှယ်၏ မျိုးစပါးစိုက်ခင်း ၄ ဒသမ ၀ ဧကတွင် အောင်နိုင်တိုးမိုးစပါး စံကွက်ရိတ်သိမ်းနေမှုကို ဆက်လက်ကြည့်ရှုအားပေးရာ တစ်ဧကလျှင် အစို ၁၂၅ တင်း၊ အခြောက် တင်း ၁၁၀ ထွက်ရှိကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများ မဲစာရင်း လာရောက်ကြည့်ရှုနေမှု အခြေအနေများနှင့် ရပ်ကျေးကော်မရှင်၊ ဌာနဆိုင်ရာများပူးပေါင်း၍ တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စိစစ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **အောင်သူရဦး(ဒက္ခိဏ)**



## လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများ၌ မဲစာရင်းများမှန်ကန်စေရေးအတွက် အိမ်တိုင်ရာရောက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိမ်တိုင်ရာရောက် မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို နိုဝင်ဘာ ၂၆ ရက်မှစတင် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက အမှတ် (၆) နှင့် အမှတ် (၄) ရပ်ကွက်တို့တွင် ဆောင်ရွက်နေမှုများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ လယ်ဝေးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးနီဦးခဲ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မဲစာရင်းများ မှန်ကန်စေရေး၊ မဲစာရင်း၌ပါဝင်သင့်သူများ မကျန်ရှိစေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ လယ်ဝေးမြို့နယ်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် အဖွဲ့ ၆၇ ဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းပန် - မိုင်းတုံ - မိုင်းဆတ် - တာချီလိတ် လမ်းမလမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က မိုင်းပန်- မိုင်းတုံ- မိုင်းဆတ်- တာချီလိတ်လမ်းမလမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် အရှည် ၈၇၆ ပေ၊ ၂၆၆ ဒသမ ၈၆၁ မီတာရှိ သံလွင်မြစ်ကူး တံတား(တာဆန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မိုင်းတုံ-မိုင်းဆတ်လမ်းမ ရှစ်မိုင်တွင် အရှည် ၂၇၈ ပေနှင့် ကိုးမိုင်တွင် အရှည် ၂၄၅ ပေ ကျောက်စီမြေထိန်းနံရံ တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် ၁၇၉ နှင့် ၁၈၀ ကြား တောင်ပြိုမြေ ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးဌာနရုံးတွင် မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝိန်းလိတ်ကျေးရွာသွား လမ်းပေါ်ရှိအရှည် ပေ ၁၈၀ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်းဆတ်-တာချီလိတ်လမ်းမဆိုင်ခေါင်တံတားအရှည် ပေ ၄၂၀ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် နမ့်ကျန်းတံတားချဉ်းကပ်လမ်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာလမ်းဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကျောက်မဲမြို့၌ မဲစာရင်းများမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ ဒီဇင်ဘာ ၂**

ကျောက်မဲမြို့၌ တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းမှစ၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကျောက်မဲမြို့နယ်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့်ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ၂၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အောင်မြေသာစံမြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂**

အောင်မြေသာစံမြို့နယ်အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လင်းနိုင်စိုး၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဝင်းမျိုးထွန်း၊ ဦးဇော်လင်းဦးနှင့် တာဝန်ရှိသူများသည် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များပေါင်း၍ မေဃဂီရိရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်များ၌ ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများ မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း ဆောက်ရွက်နေမှုများ၊ မဲစာရင်းကပ်ထား ကြေညာထားရှိမှုများ၊ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ဒီဇင်ဘာ ၂ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# လယ်ဝေးမြို့၌ အိမ်တိုင်ရာရောက် မဲစာရင်းစစ်ဆေးနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး သည် ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင် အသုံးပြုမည့် မဲပေးစက်များအား Installation လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းတွင် လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်မှ နည်းပညာအထောက်အကူပြု အဖွဲ့ဝင် ၆၀ က မဲပေးစက်များ Installation လုပ်ငန်းဆောင်ရွက်ရန် စက်ပစ္စည်းတပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့ရှိ ရပ်ကွက်ကျေးရွာများ၌ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)



# မိုင်းဖြတ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းဖြတ် ဒီဇင်ဘာ ၂**

မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်က အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် ဝန်ထမ်းများက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေကြသည့် မိဘပြည်သူများ၊ ဈေးရောင်းဈေးဝယ်များ၊ တက္ကစီဂိတ်များတွင် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးလှုံ့ဆော်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မဲစာရင်းများမှန်ကန်စေရေး မြေပြင်ကွင်းဆင်းကောက်ယူမှု ကြည့်ရှု

**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင်ကွင်းဆင်း၍ စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် မြို့နယ်မဲစာရင်းမှန်ကန်စေရေး ကြီးကြပ်လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့မှ တာဝန်ရှိသူများက နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)



# ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၂**

ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ယမန်နေ့က လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ပဲခူးမြို့ အမှတ်(၁) မူလတန်းကြိုကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး တာဝန်ခံဆရာဝန်နှင့် အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမများက လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁)မူလတန်းကြိုကျောင်းရှိ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကျန်းမာရေးပညာပေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး **(အပေါ်ပုံ)** ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော ဈေးဆိုင်များအား ကျန်းမာရေးနှင့်အညီရောင်းချခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်ထက်**



ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အတွင်းရှိ ရုံးဌာနများ၊ ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၌ ဒီဇင်ဘာ ၂ ရက်က ဥသျှစ်ပင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နှင့် အဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး ကွင်းဆင်းစစ်ဆေးစဉ်။

လပြည့်လင်း(ပြန်/ဆက်)






မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မီးသတ်ဦးစီးဌာနမှ မဲရုံနေရာများ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဒီဇင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်စွာမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးပြီး လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

အလင်းသစ်(ပြန်/ဆက်)



ရေးမြို့နယ်၌ မဲပေးစက်များထားရှိရာနေရာနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ မီးဘေးအန္တရာယ်လုံခြုံရေး စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းဌေးအောင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြသပေးစဉ်။

ရှင်းသန့်ဖြူ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



## ကလောမြို့နယ်၌ တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိ

**ကလော ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တီးတိန်မြို့၌ မဲစာရင်း မှန်ကန်ပြည့်စုံစေရေးအတွက် ကွင်းဆင်းဆောင်ရွက်

**တီးတိန် ဒီဇင်ဘာ ၂**

ချင်းပြည်နယ် တီးတိန်မြို့၌ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာရရှိရေး၊ မဲပေးခြင်းသည် နိုင်ငံသားများ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများတွင် ပါ မပါ အိမ်တိုင်ရာရောက် ဒီဇင်ဘာ ၁ ရက်က မြို့မရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ ပူးပေါင်းခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## လှည်းကူးမြို့နယ်၌ မဲစာရင်းမကျန်ရှိစေရေး အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်

**လှည်းကူး ဒီဇင်ဘာ ၂**

လှည်းကူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်နှင့် ကိုက်ညီသော မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေးအတွက် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ အိမ်တိုင်ရာရောက် ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ အဖွဲ့ ရှစ်ဖွဲ့ခွဲကာ (ဒုတိယအကြိမ်) မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုကာလအတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှည်းကူး(ပြန်/ဆက်)



## ညောင်ရွှေမြို့နယ်၌ မဲစာရင်း ပြည့်စုံမှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း

**ညောင်ရွှေ ဒီဇင်ဘာ ၂**

မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ ကျန်ရှိမှုမရှိစေရေးနှင့်အတွက် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးခြင်းများကို ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ ပါဝင်သော ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၂၆ ဖွဲ့ဖြင့် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု အတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

စိုင်းအယ်ဘဲ

## တီးတိန်မြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၂ ရက် မြန်မာစံတော်ချိန် ၀၁ နာရီ ၂၅ မိနစ် ၀၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တီးတိန်မြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/36579, Turbo Star 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်လွင် ၁၄/အဂပ(နိုင်)၂၀၀၇၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသ်ာတ)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1U/9338,Xin Yuan (XY 200ZH), 3W ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်စိုးအောင် ၁၄/သခ(နိုင်)၀၁၀၂၅၆ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/37538, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းနိုင် ၁၄/အမန(နိုင်) ၁၂၈၆၄၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/8864 ယာဉ်လက်ဝယ်ရှိသူ ဦးနီတာ ၁၂/ရကန(နိုင်)၀၀၃၀၅၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23U/4128 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းဟန် ၁၂/တတန(နိုင်)၁၄၃၀၁၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့


## ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက်၊ ၆၂ လမ်းနှင့် ၁၁၆ လမ်းထောင့်တွင် ရဲပြည့်စုံအောင်(၂၇) နှစ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက် ပုသိမ်ကြီး မြို့နယ်နေသူ မောင်းနှင်ပြီး ရဲမင်းအောင် (၃၄) နှစ် CL-1 Star City အိမ်ရာ သန်လျင်မြို့နယ်နေသူ လိုက်ပါလာသော YGN-36 2L-xxxx TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း ၀ ဒသမ ၀၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ သိန်း) နှင့် HAPPY WATER ၃ ဒသမ ၉၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၇၇၆ သိန်း) တို့အား ဖမ်းဆီးရမိသဖြင့် ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ရပ်ကွက်(၄) အနီးတွင် အိုက်ငို့ (၃၃)နှစ်၊ နမ့်မွဲကျေးရွာ နမ့်ရှိကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ်နေသူ မောင်းနှင်ပြီး ဂျက်လီ(ခ) ယာဖို၊ တိလွယ်ကျေးရွာ နောင်ကွဲကျေးရွာအုပ်စု မိုင်းပျဉ်းမြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိသဖြင့် အိုက်ငို့နှင့် ဂျက်လီ(ခ)ယာဖိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## ပဲခူးတက္ကသိုလ်
## (၁၂)ကြိမ်မြောက်(နေ့သင်တန်း) နှင့် (အဝေးသင်သင်တန်း)များ၏ ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတက္ကသိုလ်မှ (နေ့သင်တန်း)နှင့် (အဝေးသင်သင်တန်း)များ၏ (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (နေ့သင်တန်း) ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့) ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ နှင့် ၂၀၂၅ ပညာသင်နှစ်(အဝေးသင် သင်တန်း)များ၏ ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့) ဘွဲ့လျှောက်လွှာများကို လျှောက်ထားနိုင်ပါသည်။

၂။ တက်ရောက်ဘွဲ့ ကြေးကျပ်-၁၅၀၀၀ဝ/-(ကျပ်တစ်သောင်းငါးထောင်ကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ ပေးသွင်းရမည်ဖြစ်သည်။ လျှောက်လွှာတင်သွင်းရမည့်ရက်မှာ (၃-၁၂-၂၀၂၅) ရက်မှ (၃၁-၁၂-၂၀၂၅) ရက်ထိဖြစ်ပါသည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည်။

၄။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်ပြီး လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော (၂" x ၁.၅") ဓာတ်ပုံ(၂)ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။

၅။ သတ်မှတ်ဘွဲ့ကြေးများကို ပဲခူးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။

၆။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း"** ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်တို့ကို တိကျစွာဖော်ပြ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာ ဝတ်စုံအပြည့်အစုံ ဝတ်ဆင်ပြီး တက်ရောက်ရမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကိုအဝေးရောက်ဘွဲ့ ထုတ်ပေးသည့်အချိန်မှသာလျှင် ဘွဲ့လက်မှတ်များထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ ယခင်နှစ်များကဘွဲ့ရစာမေးပွဲအောင်မြင်သူများသည်အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၁၁။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်နှင့် နေ့ရက်၊ အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

ဌာနမှူး
သင်တန်းရေးရာဌာန
ပဲခူးတက္ကသိုလ်

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ဘားအံမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

ဦးသိန်းဌေးဦး နှင့် ၁။ ဦးအွာလုံ
၂။ ဦးစောအောင်ဌေး(ခ)ဗိုလ်စလုံး

(တရားလို) (တရားပြိုင်များ)

ဘားအံမြို့၊ နတ်ကျွန်းကျေးရွာနေ (၂)တရားပြိုင် ဦးစောအောင်ဌေး(ခ) ဗိုလ်စလုံး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လျော်ကြေးငွေကျပ်သိန်း (၄၂၀)ရလိုကြောင်းကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှဲ့လှဲ့လွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဘားအံမြို့နယ်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4647 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/49717, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်လင်း ၇/ပတတ(နိုင်)၀၇၆၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2445, MAZDA DEMIO DE 3F S, Hatch Back(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စံ ၁၂/တမန(နိုင်)၁၂၀၅၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## စာအုပ်စာပေ လှူမိတ်ဆွေ

## သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) တွင် ၂၀၂၆ ခုနှစ်၊ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါသင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| **သင်တန်းအမျိုးအစား** | - **ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁) နှစ်သင်တန်း** |
| **သင်တန်းကာလ/ဦးရေ** | - (၁.၁.၂၀၂၆ ရက်နေ့မှ ၃၁.၁၂.၂၀၂၆ ရက်နေ့ထိ) (၂၀) ဦး |
| **ပညာအရည်အချင်း** | - အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| **သင်တန်းအမျိုးအစား** | - **လက်ရက်ကန်း (၆) လသင်တန်း** |
| **သင်တန်းကာလ/ဦးရေ** | - (၁-၁-၂၀၂၆ ရက်မှ ၃၀-၆-၂၀၂၆ ရက်အထိ) (၁၀) ဦး |
| **ပညာအရည်အချင်း** | - အခြေခံပညာမူလတန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| **အသက်** | - (၁၆) နှစ်မှ(၂၅)နှစ်အတွင်း အိမ်ထောင်မရှိသူအပျို/လူပျိုဖြစ်ရမည်။ |
| **သင်တန်းဝင်ခွင့်အတွက်** | - ပညာအရည်အချင်းထောက်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါ ရှိရမည်။ |
| **သင်တန်းတည်နေရာ** | - တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်။ |
| **ဆက်သွယ်စုံစမ်းရန်ဖုန်း** | - ၀၈၁-၂၁၂၁၆၁၄၊ ၀၉-၄၂၅၈၈၈၇၈၂၊ ၀၉-၄၂၈၃၅၉၀၇၁ |

၂။ သင်တန်းတက်ရောက်စဉ် ကျောင်းအဆောင်တွင် အခမဲ့နေထိုင်ခွင့်နှင့် သင်တန်းသား (၁)ဦးလျှင် နိုင်ငံတော်အစိုးရမှ စားသောက်စရိတ် (၁) ရက်လျှင် (၁၅၀၀/-) ကျပ်နှင့် ပညာသင်ထောက်ပံ့ကြေး တစ်လ (၃၀၀၀၀/-) ကျပ် ချီးမြှင့်မည်ဖြစ်ပြီး (၂၉-၁၂-၂၀၂၅) ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ တောင်ကြီး**

## တံဆိပ်အမှတ်အသား မူပိုင်ဖြစ်ကြောင်းနှင့် မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)မြောက်၊ စကားဝါလမ်း၊ အမှတ်(၂၈)နေ ဦးနန္ဒမင်းအောင် ၉/မမန(နိုင်) ၀၈၃၅၂၂သည် အောက်ဖော်ပြပါ တံဆိပ်အမှတ်အသားဖြစ်သည့် ကိုယ်ပိုင်ကျောင်းအား ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်-

အထက်ပါ တံဆိပ်အမှတ်အသားသည် ဦးနန္ဒမင်းအောင်၏ မူပိုင်အမှတ်အသားဖြစ်ပြီး ကိုယ်ပိုင်ကျောင်း အမည်စာတမ်းပါ ဆိုင်းဘုတ်၊ ဘလောက်တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ကိုယ်ပိုင်ကျောင်းကို တစ်ဦးတည်းကသာ ပြုလုပ်သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ(သို့)ထင်ယောင်ထင်မှား၊ တုပပြုလုပ်သုံးစွဲခြင်း၊ Online တွင် အသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သီဟ(LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၈)၊ မာဃလမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆**

## ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ငြိမ်းချမ်းအောင်လမ်း၊ အိမ်အမှတ် (၅၈/၁၂) ဟု ခေါ်တွင်သော ဂရန်အမှတ် (၁၁၃/၂၀၀၇)ပါ မြေနှင့်မြေပေါ်ပါ (RC) ၂ထပ်တိုက်တို့အား ဂရန်အမည်ပေါက်သူ ဒေါ်ယဉ်ငြိမ်းကြွယ် (၁၃/တကန (နိုင်)၁၅၀၇၃၁)သည် ဒေါ်နန်းသိန်းညွန့်ဦး (၉/မကန (နိုင်)၀၃၇၀၇၃) ထံမှ (၃-၇-၂၀၂၅)ရက်တွင် ငွေကျပ် (သိန်းပေါင်းတစ်သောင်း) ကျပ် တိတိ (၁,၀၀၀,၀၀၀,၀၀၀)ကျပ်ကို ခေတ္တချေးယူပြီး အာမခံပစ္စည်းအဖြစ် ၎င်းအမည်ပေါက် ဂရန် မူရင်းအမှတ် (၁၁၃/၂၀၀၇)နှင့် ဖော်ပြပါ မြေနှင့်အဆောက်အအုံတို့အား ဒေါ်နန်းသိန်းညွန့်ဦးလက်ဝယ်သို့အပ်နှံထားပါသည်။

သို့ပါ၍ ဖော်ပြပါ မြေနှင့်အဆောက်အအုံတို့အား ဒေါ်နန်းသိန်းညွန့်ဦး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ဒေါ်ယဉ်ငြိမ်းကြွယ် ထံမှ လွှဲပြောင်းရယူခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း ကိစ္စရပ်အထွေထွေကို တရားဝင်ဖြစ်စေ၊ နားလည်မှုဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရန် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်နန်းသိန်းညွန့်ဦး (၉/မကန(နိုင်)၀၃၇၀၇၃)**
**အိမ်အမှတ် (၂၄၆)၊ မင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/71987, SARA-115,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစအောင်မင်းဦး ၁၄/ကပန (နိုင်)၂၀၃၂၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ရွှေစည်းခုံလမ်းထောင့်၊ အကွက်အမှတ်(၆၄)၊ ရွှေမုဋ္ဌောဘုရားအကွက်၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၄၇၂)ဧက အတွင်းမှ ဧရိယာ(၀.၄၆၁)ဧကရှိမြေကို မြန်မာ့စာတိုက် လုပ်ငန်း(ပုသိမ်) အမည်ဖြင့် မြေပေးမိန့်လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## မြဝတီမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၃၂/၂၀၂၂)အား အတိအလင်း ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(OSS ၅၃/အေ-၂)၊ ဦးပိုင်အမှတ်(၂၈)၊မြေဧရိယာ(၀.၆၀)ဧကရှိမြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချခြင်း၊ပေးကမ်းခြင်း၊ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လက်မှတ်ရေးထိုးခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ရာတွင်လက်မှတ်ရေးထိုးခြင်း၊ ခုခံခြင်း၊ ပြောဆိုခြင်း၊အငြင်းပွားခြင်း၊ တရားစွဲဆိုခြင်း၊ အာမခံတင်သွင်းခြင်းစသည့် သက်ဆိုင်ရာရုံး/ဌာနအသီးသီးတို့တွင် ဆက်သွယ်ဆောင်ရွက်ခြင်း ကိစ္စအဝဝတို့ကို ကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်နိုင်ရန် ဒေါ်ချစ်မေ ၁၀/ကမရ(နိုင်)၀၁၄၅၅၆ (ဘ)ဦးအိမ်ဝေက ဦးဝင်းလှိုင် ၇/ထတပ(နိုင်)၀၃၆၆၆၇(ဘ) ဦးထွန်းကျော်အား အထူးကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း"ဖော်ပြပါရှိသည့် မြဝတီမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက် ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာစာချုပ်အမှတ်(၃၂/၂၀၂၂)အား ဒေါ်ချစ်မေကအတိအလင်းရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုကြေညာစာအား မြဝတီမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာစာချုပ်အမှတ်(၃၂/၂၀၂၂)အားရုပ်သိမ်းကြောင်းတင်ပြအသုံးပြုရန်၊ သက်ဆိုင်ရာရုံး/ဌာနများတွင်တင်ပြအသုံးပြုရန်၊ ဦးဝင်းလှိုင်နှင့် အများသိရှိစေရန် ကြေညာခြင်းဖြစ်ပါသည်။

| **(လွှဲအပ်ညွှန်ကြားသူ)** | **(လွှဲအပ်ညွှန်ကြားချက်အရ)** |
|---|---|
| **ဒေါ်ချစ်မေ(ဘ) ဦးအိမ်ဝေ** | **ဦးမိုးဇော်(တရားလွှတ်တော်ရှေ့နေ)** |
| **၁၀/ကမရ(နိုင်)၀၁၄၅၅၆** | **(စဉ်-၁၀၂၈၁/၂၇-၁-၂၀၁၅)** |
| | **(၃/၈၆)၊ဗန္ဓုလလမ်း၊ (၃)ရပ်ကွက် မြဝတီမြို့၊ ဖုန်း-၀၉-၇၈၅၅၇၅၇၂၇** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၄)လမ်း၊ မြေကွက်အမှတ်(၇၁၃/ခ)ဟုခေါ်တွင်သော မြေအလျားXအနံ (၂၀X၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မူလအမည်ပေါက် မိခင် ဒေါ်တင်မြနှင့် ဖခင် ဦးစိန်ရှင်တို့ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော သားသမီးများဖြစ်သည့် ဦးခင်မောင်လတ် (၁၂/ဥကတ(နိုင်)၁၁၄၀၁၄)နှင့် ဦးအောင်ကျော်ဦး(၁၂/ဥကတ(နိုင်)၁၁၉၄၁၃)တို့မှ မိမိတို့ကသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထက်အောင်(၁၄/သသခ(နိုင်)၀၀၈၉၁၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ကျော်လွန်ပါက ဤမြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးရဲထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးခင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၁၅၀)**
**အမှတ်(၄၆၀)၊ မာဃ(၁၅)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉-၈၇၄၀၄၇၅၃၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တိုက်အမှတ်(၆၆)၊ စတုတ္ထထပ်(ငါးလွှာ-ခြေရင်းခန်း)B-5 အပါ အဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လင်းဇာခြည်ခိုင် ၁၂/ဒပန(နိုင်) ၀၆၃၂၃၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစည်သူအောင် ၁၄/မအန(နိုင်) ၁၈၃၇၅၀ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** | **ဒေါ်ခင်စောသိန်း(LL.B) (စဉ်-၁၃၂၈၆)** | **ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၂)လမ်း၊ အမှတ်(၂၀၃ ½)၊ တတိယထပ်၊ ၄-လွှာတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်နှင်းဝေစိုး ၇/ညလပ(နိုင်) ၁၆၄၇၁၂ ၊ဦးစိုးမင်းထွန်း ၁၂/ဗဟန(နိုင်) ၀၉၆၃၈၇ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ဆုဝေလှိုင် ၁၀/သဖရ(နိုင်) ၁၂၇၄၇၉၊ ဦးဟန်ထွန်းဦး ၁၂/ဥကမ(နိုင်) ၂၀၉၂၇၀တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ် မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** | **ဒေါ်ခင်စောသိန်း(LL.B) (စဉ်-၁၃၂၈၆)** | **ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)ရပ်ကွက်၊ ဦးလုဖေလမ်း၊ မြေကွက်အမှတ်(၆၃၂/ခ) ဟုခေါ်တွင်သောမြေအလျားxအနံ(၂၅'x၆၀') ပေရှိ မြေကွက်နှင့်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိနှင်းဝေ (၂/လကန(နိုင်)၀၄၄၄၁၂) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ငုဝါလွင် (၆/ထဝန(နိုင်)၀၇၄၂၄၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉၄၅၀၀၃၅၀၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/62850, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တိုး ၁၀/မလမ(နိုင်)၁၃၈၄၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၆၀၃၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးအေး ၁၀/သဖရ(နိုင်)၁၁၁၃၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမွေပြတ်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ပတ္တာ(အနောက်)ကျေးရွာနေ ဦးကျော်ဝင်း-ဒေါ်မာစီ တို့၏သား၊ မောင်ကောင်းထက် ၉/မခန (နိုင်)၃၂၇၅၄၉ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်း-ဒေါ်မာစီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁

| | | |
|---|---|---|
| ဒေါ်သန်းကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းသန်း) | နှင့် | ၁။ ဦးအေးဝင်း |
| | | ၂။ ဒေါ်အေးမြင့် |
| | | ၃။ ဦးခင်ဝင်း |
| | | ၄။ ဒေါ်ခင်မြင့် |
| | | ၅။ ဒေါ်သီသီဝင်း |
| | | ၆။ မရွှန်းလဲ့လဲ့ရီ |
| | | ၇။ ဦးလှဝင်း |
| | | ၈။ ဒေါ်စန္ဒာဝင်း |
| | | ၉။ ဒေါ်စန္ဒာအေး |
| | | ၁၀။ ဒေါ်အေးစိန် (ခ) ဒေါ်စန္ဒာရွှေ |
| | | ၁၁။ ဦးအောင်နိုင်ဦး (ခ) မျိုးနိုင် |
| | | ၁၂။ ဦးစိုးနိုင် |
| | | ၁၃။ ဒေါ်ဌေးဌေးခိုင် |
| | | ၁၄။ ဒေါ်ခင်သန်းဌေး |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ သံလမ်းမှတ်တိုင်၊ ပဏ္ဍိတလမ်းထိပ်၊ တိုက်အမှတ်(၁၄၄/၄)လွှာနေသူ အမှတ်(၁၁)တရားပြိုင် ဦးအောင်နိုင်ဦး(ခ)မျိုးနိုင် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်း(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၆)နေသူ အမှတ်(၁၂)တရားပြိုင် ဦးစိုးနိုင် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းကြည်က "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလင်းသက်)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

---

### မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ
### အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ရပ်(၁၅) ဖအောင်းရွာမရပ်၊ ဦးပိုင်အမှတ်(၁၇က)၊ မြေကွက်အမှတ်၊ (၇၁/၂၃၀)၊ ဧရိယာ၀ ဒသမ ၀၉၀ကေကို မဒေါက်မြို့၊ မြို့မ(၂) ရပ်ကွက်နေ ဦးထွန်းအောင်ကျော်(ခ)ဦးတင်အောင်ပါ(၂)ဦး အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားကြောင်း ညောင်လေးပင်မြို့၊ မြို့မ(၃) ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်-
အရှေ့ဘက် - မြေကွက်အမှတ်(၇၁ )၊ အနောက်ဘက်-ရန်ကုန်-မန္တလေးကားလမ်း
တောင်ဘက် - မြေကွက်အမှတ်(၇၀)၊ မြောက်ဘက်-မြေကွက်အမှတ်(၇၁ )
ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။

ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် သို့မဟုတ် ထိုရက်မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ အထက်ဖော်ပြထားသည့်ရက်၏ နောက်ပိုင်းတွင်ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍ ၁၄-၁၂-၂၀၂၅ ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို မဒေါက်မြို့၊ မြို့မ(၂) ရပ်ကွက်နေ ဦးထွန်းအောင်ကျော်(ခ)ဦးတင်အောင်ပါ(၂)ဦး အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

ခေတ္တအုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6842 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၆၅၀၇ Honda-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၈/ဆမန(နိုင်) ၀၀၅၆၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/93359 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာဌေး ၉/ပကခ(နိုင်) ၀၃၅၁၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8347 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး သွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/26924 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 45W/92752 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/44870 Yunde -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲသဲအောင် ၉/အမရ(နိုင်) ၀၉၄၆၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/92752 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ထွန်းလင်း ၉/အမရ(နိုင်) ၁၇၆၁၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

---

### (၂၃-၁၁-၂၀၂၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ-၃၁ပါ ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်-၉၈ နေ ဦးသန်းလွင်၏ လွှဲအပ်ချက်အရ ကြေညာခဲ့သော "အများသိစေရန်ကြေညာခြင်း"အပေါ် ကန့်ကွက်သတိပေးကြေညာခြင်း

၁။ ကြေညာချက်ပါ "သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-၂၇" ဟုခေါ်တွင်သည့် မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် "ဇိနက်အစ္စလာမ် ယောက်ျားလေးများဂေဟာနှင့် ပညာသင်ကြားရေး အသင်း" တရားဝင်အမည်ပေါက် မှတ်သား၊ ပိုင်ဆိုင်သော [မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက် အမှတ် (၃၀)၊ ဧရိယာ၀ ဒသမ၃၁၅ကေနှင့် မြေကွက်အမှတ် (၃၁)၊ ဧရိယာ (၀ ဒသမ ၅၀၀)၊ B အမျိုးအစားမြေကွက်များ] အတွင်း အကျုံးဝင်ပါရှိသော မြေကွက် ဖြစ်ပါသည်။

၂။ ဦးစိုးမင်း ၁၂/သဃက(နိုင်)၁၄၉၄၄၇ မှာ အထက်အပိုဒ် (၁) ပါအသင်း၏ "ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ" ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း လွှဲအပ်ထားခြင်းခံရသူ ဖြစ်ကြောင်း အလေးအနက်သိစေအပ်ပါသည်။

